

စိုးသိကျား
စစ်ပြန်ကြီး
Frederick Forsyth
The Veteran

# ၁- ရက်
# အင်္ဂါနေ့

အဖြစ်အပျက်အားလုံးကို မြင်လိုက်သူမှာ လမ်းထောင့်ရှိ ကုန်စုံဆိုင်လေး တစ်ဆိုင်၏ ပိုင်ရှင် ဖြစ်သည် ။ ဘာပဲပြောပြော သူက သူမြင်လိုက်ပါသည် ဟု ပြောသည် ။

သူက ဆိုင်ထဲ၌ ရှိနေပြီး သူ့ကုန်ပစ္စည်းများကို ပိုကြည့် ကောင်းအောင် နေရာပြန်ချရင်း ဆိုင်ရှေ့မှန်ပြတင်းပေါက်နား၌ ရှိနေစဉ် ခေါင်းမော့ကြည့်လိုက်သောအခါ လမ်းတစ်ဘက်ခြမ်းမှ လူကို သူမြင်လိုက်သည် ။ ထိုလူမှာ ဘာမှ ထူးခြားမှု မရှိသော်လည်း ၎င်းသည် ခြေထောက်နင်းလျှောက်သူ မဟုတ်ခဲ့ပါက ဆိုင်ရှင်ကလည်း သူ့ကိုဆက်ကြည့်ဖြစ်တော့မည် မဟုတ်ချေ။ ထိုအချိန်က လမ်းပေါ်၌ အခြား မည်သူမျှ မရှိကြောင်း နောင်အခါ၌ ဆိုင်ရှင်က ထွက်ဆိုချက်ပေးပါလိမ့်မည်။

ထိုနေ့က မီးခိုးရောင်တိမ်များ အောက်၌ ရာသီဥတုက ပူပြင်းပြီး လေထုက အိုက်စပ်စပ် အုံ့မှိုင်းမှိုင်းဖြစ်နေသည် ။ 'ပါရာဒိုက်(စ်)ဝေး' ဟူသော ဈေးဆိုင်တန်းက ခါတိုင်းလိုပင် ဟောင်းနွမ်း စုတ်ပြတ်နေသည် ။ လေတန်၊ အက်မွန်တန်၊ ဒေါ်(လ်)တန်နှင့် တော့တင်ဟမ် ရပ်ကွက်များကြားရှိ မြေယာရှုခင်းအလှကို အကျည်းတန်စေသော လက်ဆော့စာနှင့် အရုပ်များ ပေကျံနေသည့် ရာဇဝတ်ဒဏ်သင့်အိမ်ရာခ

န်းများ အနက် အလယ်ကောင်တည့်တည့်ရှိ ဈေးဆိုင်တစ်ဆိုင် ဖြစ်သည် ။

'မဲဒိုးဒင်းဂရို့(ဗ်) အိမ်ရာစခန်းကို လွန်ခဲ့သော အနှစ်သုံးဆယ်က ကြီးကျယ်ခမ်းနားစွာ ဖွင့်လှစ်ခဲ့စဉ်က အလုပ်သမား လူတန်းစားအလွှာအတွက် မြို့တော်ကောင်စီ၏ တန်ဖိုးနည်းအိမ်ရာ စီမံကိန်း အသစ်ဟူ၍ ရည်ညွှန်းခဲ့ကြသည် ။ ထိုနာမည်နှင့်တော့ မကိုက်ညီပါ။

ငင်း မှာ တောအုပ်မဟုတ်သလို သမိုင်းအလယ်ခေတ်ကတည်းက ဘာပင်မှ လည်း မပေါက်တော့ပါ။

တကယ်တော့ ငင်းအိမ်ရာစခန်းကား ကွန်မြူနစ်အလံလွှင့်ထူထားသော မြို့နယ်ကောင်စီက အလုပ်အပ်နှံဆောက်လုပ်ခိုင်းခဲ့သည့် မီးခိုးရောင် ကွန်ကရစ်ချွေးတပ်စခန်းတစ်ခုနှင့် ပိုတူပြီး ကိုယ်တိုင်က ကျေးလက်ဒေသရှိ လုံးချင်းအိမ်များကို ပိုနှစ်သက်သော ဗိသုကာများက ဒီဇိုင်းရေးဆွဲခဲ့ခြင်း ဖြစ်သည် ။

ထို့နောက် မဲဒိုးဒင်းဂရို့(ဗ်)အိမ်ရာသည် ပြင်သစ်နိုင်ငံပိုင် ရီးနီးတောင်တန်းမှ လှိမ့်ဆင်းလာသော ပြိုင်စက်ဘီးများ ထက် ပို၍ မြန်ဆန်စွာ တရှိန်ထိုး ကျဆုံးခဲ့သည် ။ ၁၉၉၆ ခုနှစ်လောက်တွင် ထိုအိမ်ရာစခန်းရှိတိုက်များကို ချိတ်ဆက်ပေးထားသော မြေအောက်ဥမင်များ ၊ လူသွားလမ်းကြားများ နှင့် လမ်းဆွယ်များမှာ ကျင်ငယ်ရည်များ အိုင်ထွန်း၍ ညစ်ပတ်နံစော်နေပြီး ညကျမှ သာ မူးယစ်ဆေးဝါး ရောင်းသူများ ထံမှ လုယက်ရန် လမ်းသလားသော နယ်မြေခံ အလုပ်လက်မဲ့ လူငယ်များ ဖြင့် အသက်ဝင် လာလေ့ ရှိသည် ။

ကြည်ညို လေးစားစရာကောင်းပြီး မိမိတို့ ၏ နီတိဟောင်းများ နှင့် ပိုသေချာရေရာသော ငယ်ဘဝများကို ဖက်တွယ်ဖို့ ကြိုးစားနေသော အ

လုပ်သမားအလွှာ ပင်စင်စားများ သည် အပြင်ဘက်ရှိ ဝံပုလွေအုပ်များကို ကြောက်၍ တံခါးပိတ်ကာ အိမ်ထဲအောင်းနေကြရလေသည် ။

အထပ်ပေါင်း ခုနစ်ထပ်စီ ပါရှိသော တိုက်များကြားတွင် တံခါးတစ်ချပ်စီရှေ့၌ ဟင်းလင်းပွင့်နေသော လူသွားလမ်းတစ်ခုရှိပြီး တစ်ဘက်တစ်ချက်စီ၌ ညစ်ပတ်နေသော လှေကားခွင်တစ်ခုစီ ရှိလေသည် ။ ထိုလှေကားခွင်များ ၏ အဆုံးတွင် မြက်ခင်းစိမ်းစိမ်း ရှိ၏။

စွန့်ပစ်ထားသော မော်တော်ကားအိုကားဟောင်း တချို့မှာ အခွံချည်းကျန်ပြီး အများ ပြည်သူ့အပန်းဖြေဖို့ ဖန်တီးထားသော ကွက်လပ်များကို ကွေ့ပတ်သော အတွင်းပိုင်း ကားလမ်းများ နံဘေးတွင် ရပ်ထားကြသည် ။ 'ပါရာဒိုက်(စ်)ဝေး'ဆီသို့ လမ်းကျဉ်းလေးများက ၎င်းကို ကန့်လန့်ဖြတ်ထားသည် ။

ပင်မဈေးဆိုင်တန်းမှာ တစ်ချိန် တစ်ခါတုန်းက လက်လီ ရောင်းဝယ်မှုဖြင့် စည်ကားခဲ့ဖူးသည် ။ သို့သော် ယခုတော့ ဆိုင်အများ စု ပြုတ်ကုန်ပြီ။ ဆိုင်ရှင်များမှာ လည်း ပစ္စည်းအလစ်သုတ်မှု၊ လုယက်မှု၊ ဖျက်ဆီးမှု၊ တံခါးမှန်ကွဲခြင်းနှင့် လူမျိုးရေးစော်ကားမှုတို့ ကို ရင်ဆိုင်ရင်း ခြေကုန်လက်ပမ်း ကျကုန်ကြသည် ။

ယင်းဆိုင်အရေအတွက်၏ တစ်ဝက်ကျော်ကျော်မှာ ယခုအခါ အကျည်းတန်သော သုံးထပ်သားချပ်များ သို့မဟုတ် သံမဏိယင်းလိပ်များ ဖြင့် ပိတ်ထားပြီး ဆက်ဖွင့်ထားသော ဆိုင်တချို့မှာ လည်း သံဆူးကြိုး သံဆန်ကာများ တပ်ဆင်၍ ၎င်းတို့ ဘာသာ ခုခံကာကွယ်နေကြရသည် ။

လမ်းထောင့်တွင် မစ္စတာဗီဂျေးပတေး(လ်)ကတော့ ဆိုင်ဆက်ဖွင့်ထားဆဲ။ သူ ၁၀နှစ်သား အရွယ်က သမ္မတအီဒီအာမင်၏ ရက်စက်မှုများ

ကြောင့် နှင်ထုတ်ခံရသော သူ့မိဘများ နှင့်အတူ ယူဂန်ဒါနိုင်ငံမှ ဗြိတိန်သို့ ရောက်လာသည် ။ ဗြိတိန်ကို သူ ကျေးဇူးတင်သည် ။ သူ၏ မွေးစားနိုင်ငံကို ယခုအထိ သူ ချစ်သည် ။ တရားဥပဒေ လေးစားလိုက်နာသော နိုင်ငံသားကောင်းတစ်ဦး ဖြစ်ဖို့ သူကြိုးစား၏။ ၁၉၉၀ ပြည့်နှစ်များ တွင် (စံ)များ ပုံမှန်ယိုယွင်းပျက်စီးမှုကြောင့် သူနားလည်ရခက်နေဆဲ။

လူစိမ်းတစ်ယောက် လှည့်ပတ်သွားလာခြင်း မပြုသင့်ဟု ရဲများက သတ်မှတ်သော လန်ဒန် အရှေ့မြောက်ပိုင်းမြို့နယ်လို နေရာဒေသများ ရှိသည် ။ ခြေထောက်နှင်းလျှောက်နေသော လူကား သူစိမ်း တစ်ယောက်မဟုတ်ပါ။

ပျဉ်ချပ်များ ဖြင့် ပိတ်ဆို့ထားသော ဆိုင်နှစ်ဆိုင်ကြား ကွန်ကရစ် လူသွားလမ်းထဲမှ လူနှစ်ယောက်ထွက် လာပြီး သူ့ရှေ့လာရပ်သောအခါ သူက လမ်းထောင့်နှင့် ၁၅ကိုက်ခန့်သာ ကွာဝေးသည် ။ မစ္စတာပတေး(လ်) က တုံ့ဆိုင်းပြီး ငေးကြည့်နေသည် ။ သူတို့ နှစ်ယောက်က အသွင်မတူသော်လည်း ဆိုးတာတော့ တူသည် ။ သူတို့လိုကောင် နှစ်မျိုးစလုံးကို မစ္စတာပတေး(လ်) ကောင်းကောင်း သိသည် ။

တစ်ယောက်က ဗလတောင့်ပြီး ခေါင်းတုံးတုံးထားသည် ။ မျက်နှာက ဝက်ရုပ်။ ကိုက်သုံးဆယ်ကွာဝေးသော်လည်း ၎င်း၏ ဘယ်ဘက်နားရွက်မှ နားကွင်းကို မစ္စတာပတေး(လ်) မြင်ရသည် ။ ၎င်းသည် ဘောင်းဘီပွပွကြီးနှင့် ညစ်ပတ်သောတီရှပ်ကို ဝတ်ထားသည် ။ ကြီးမားသော သားရေခါးပတ်ပေါ်တွင် ဘီယာဗိုက်ကြီးက စူထွက်နေသည် ။

သူက ရှေ့ဆက်သွားလို့ မရသော သူစိမ်းရှေ့တည့်တည့် ခြေကားပြီး ရင်ကော့ရပ်သည် ။

ဒုတိယလူက ပိုပိန်ပြီး အရောင်ဖျော့ဖျော့ ဘောင်းဘီရှည်၊ ရင်ဘတ်

၌ ဇစ်စေ့ထားသော မီးခိုးရောင်သားရေဂျာကင်ကို ဝတ်ဆင်ထားသည် ။ သူ့နားရွက်ပေါ် ဆီရွှဲသော ဆံပင်ကြမ်းကြမ်းများ ဖုံးအုပ်နေသည် ။ သူက 'သားသောင်'၏ နောက်ဘက်၌ လှစ်ကနဲ ဝင်ရပ်ပြီး စောင့်ဆိုင်းသည် ။

ဗလကြီးက လုယက်ခံရတော့မည့်လူ၏ မျက်နှာနားသို့ ညာ လက်သီးကို ကပ်ပြသည် ။ သူ့လက်ထဲမှ လက်ခနဲဖြစ်သွားသော သတ္တုပစ္စည်းကို မစ္စတာပတေး(လ်) မြင်လိုက်၏။ ဗလကြီးက ဘာပြောမှန်းသူ မကြားရသော်လည်း သူစိမ်းကိုစကားပြောခြင်းကြောင့် ၎င်း ပါးစပ်လှုပ်နေပုံ မြင်ရသည် ။

သားကောင်ဖြစ်သူ အနေနှင့် သူ့ပိုက်ဆံအိတ်၊ လက်ပတ်နာရီနှင့် သူ့ကိုယ်ပေါ်ပါသော အဖိုးတန်ပစ္စည်းအားလုံးကို ထုတ်ပေးရုံသာ ရှိသည် ။ သူ ကံကောင်းလျှင်တော့ လုယက်သမားများက သူ့ပစ္စည်းများ လုယူပြီး ထွက်ပြေးသွားမည်။ သားကောင်ဖြစ်သူလည်း မှဲ့ တစ်ပေါက်မစွန်းဘဲ အသက်ဆက်ရှင်မည်။

သူ့လုပ်ရပ်က အတော်မိုက်မဲလှသည် ။ ရန်သူက သူ့ထက် အရေအတွက်ရော အင်အားပါ သာသည် ။ သူ့ဆံပင်ဖြူများကြောင့် သူသည် သက်လတ်ပိုင်း အရွယ်ဖြစ်ပြီး ခြေထောက်နင်းခြင်းကြောင့် သူ ရာခိုင်နှုန်းပြည့် မရွေ့လျားနိုင်မှန်း သိသာသည် ။

သို့သော် သူက ခုခံတိုက်ခိုက်သည် ။ ဘေးချထားသော သူ့ညာလက် အလွန်လျင်မြန်စွာ အပေါ်မြောက်သွားပုံကို မစ္စတာ ပတေး(လ်) မြင်ရသည် ။ သူက ခါးအနည်းငယ်တိမ်းပြီး သူ့လက်သီးကို အားဖြည့်ပေးရန် ပခုံးကိုးသည် ။

ဗလကြီးနှာခေါင်းကို လက်သီး ထိသွားသည် ။ အသံတိတ် ပြဇာတ်

ဆန်သော အခြေအနေကို နာကျင်မှုကြောင့် စူးရှကျယ်လောင်စွာ အော်ဟစ်သံက ဖျက်ဆီးလိုက်ရာ မစ္စတာပတေး(လ်)လည်း မှန်ပြတင်းနောက်ကွယ်မှ ပင် ကြားရသည် ။ ဗလကြီးမှာ သူ့မျက်နှာကို လက်နှစ်ဘက်ဖြင့် အုပ်ရင်း နောက်သို့ယိုင်သွား၏။ သူ့လက်ချောင်းများကြားမှ သွေးများ စီးကျလာပုံကို မစ္စတာပတေး(လ်) မြင်ရသည် ။

ဆိုင်ရှင်ကြီးမစ္စတာပတေး(လ်) ထွက်ဆိုချက်ပေးသောအခါ ထိုအဖြစ်နှင့် ရှေ့ဆက်ဖြစ်ပျက်သမျှကို အစီအစဉ်တကျ ပြောပြဖို့ ဆဏဆိုင်းပြီး ပြန်စဉ်းစားရသည် ။

ကိုဆံရှည်က သားကောင်၏ ကျောက်ကပ်ကို နောက်မှ လက်သီးနှင့်တအားဆောင့်ထိုးပြီး ကောင်းသောဒူးဆစ်ကို ကန်ထည့်လိုက်သည် ။ ဤမျှနှင့်ပင် လုံလောက်သည် ။

သားကောင်လည်း ပလက်ဖောင်းပေါ် လဲကျသွားသည် ။ မဲဒိုဒင်းတွင် အပြေးသန်ဖို့ အားကစားဖိနပ် သို့မဟုတ် ကန်ကျောက်ဖို့ ဘွတ်ဖိနပ်ထူထူကြီးများကိုသာ စီးလေ့ရှိသည် ။ ယခု လုယက်ရန် ကြံစည်သူနှစ်ယောက်လုံး ထိုဘွတ်ဖိနပ်များ စီးထားကြသည် ။

ပလက်ဖောင်းပေါ်မှ လူမှာ အမိဝမ်းတွင်းမှ သန္ဓေ သားလေးလို အရေးကြီးသော သူ့အင်္ဂါများကို ကာကွယ်ရန် ကိုယ်ကိုကွေးထားသည် ။ သို့သော် ခြေလေးချောင်းဖြင့် ဝိုင်းကန်ခံရလျက်ရှိသည် ။ သွေး ထွက်နေသော နှာခေါင်းကို လက်တစ်ဖက်ဖြင့် ဆုပ်ကိုင်ထားသော ဗလကြီးက သူ့ဦးခေါင်းကို ကန်သည် ။

သားကောင်ဖြစ်သူ လူးလွန့်ခြင်းရပ်ဆိုင်းသည် အထိ ကန်ချက်ပေါင်း နှစ်ဆယ် သို့မဟုတ် ငှင်းထက်ပိုသည် ဟု နောင်အခါ၌ ဆိုင်ရှင်ကြီးက ခန့်မှန်းပြသည် ။

ကိုဆံရှည်က ၎င်းအနားကုန်းကာ အပေါ်အင်္ကျီကိုဆွဲဟ ပြီးအတွင်းအိတ်ကို နှိုက်သည် ။ သူ့လက်ညှိုးနှင့် လက်မကြား ညှပ်၍ ပိုက်ဆံအိတ်ကို ဆွဲထုတ်ပုံ မစ္စတာပတေး(လ်) မြင်ရသည် ။ ထို့နောက် လူမိုက်နှစ်ယောက်စလုံး ခါးမတ်ပြီး အိမ်ရာစခန်းအတွင်းရှိ လမ်းကြိုလမ်းကြားများ ထဲသို့ ကွန်ကရစ် လူသွားလမ်းပေါ်မှ ဖြတ်ပြေးကာ ပျောက်ကွယ်သွားကြသည် ။ ယင်းသို့ ထွက်မပြေးမီ ဗလကြီးက ဂျင်းဘောင်းဘီအတွင်းမှ သူ့တီရှပ်အစကို ဆွဲထုတ်ကာ သွေးတိတ်အောင် နှာခေါင်းပေါ်ဖိထားသည် ။

၎င်းတို့ ခြေရာပျောက်သွားသည် အထိ မစ္စတာပတေး(လ်) စောင့်ကြည့်နေပြီးနောက် တယ်လီဖုန်းထားရာ ကောင်တာသို့ ခပ်သုတ်သုတ်ပြန်လာသည် ။ သူက အရေးပေါ်ဖုန်းနံပါတ် ၉၉၉သို့ ဆက်ကာ သူ့နာမည်နှင့် လိပ်စာကို အော်ပရေတာအား ပြောပြသည် ။ ဖုန်းဆက်သူ ဘယ်သူဘယ်ဝါမှန်း မသိပါက မည်သည့် အရေးပေါ်ဌာနကိုမျှ မိမိ ခေါ်ပေးနိုင်မည်မဟုတ်ဟု အော်ပရေတာက သူ့ကို ပြောသောကြောင့်ဖြစ်သည် ။

ထို့နောက် မစ္စတာပတေး(လ်)က ရဲနှင့် လူနာတင်ယာဉ် တစ်စီးတောင်းသည် ။ ပြီးမှ ရှေ့ပြတင်းပေါက်သို့ ပြန်သွားသည် ။ သားကောင်မှာ မျက်နှာချင်းဆိုင် ပလက်ဖောင်းပေါ်၌ တုပ်တုပ်မလှုပ်ဘဲ လဲနေဆဲဖြစ်သည် ။ သူ့ကို ဘယ်သူကမှ လာမပြုစု။ ဤလမ်းကား သူများ ပြဿနာထဲ ဝင်ပါချင်သော လူများ ရှိသည့်လမ်းမျိုး မဟုတ်ပါ။

မစ္စတာပတေး(လ်)က လမ်းဖြတ်ကူးပြီး သူ တတ်နိုင်သမျှ လုပ်ပေးချင်သော်လည်း ရှေးဦးသူနာပြုနည်းကို သူမသိ။ ထိုလူကို နေရာရွှေ့ပြီး အမှားလုပ်မိမှာ သူစိုးရိမ်သည် ။ ထို့ကြောင့် သူ စောင့်ဆိုင်းသည် ။

လေးမိနစ်အတွင်း ရဲကားတစ်စီး ရောက်လာသည် ။ ကားပေါ်မှ ရဲ

သားနှစ်ဦးမှာ အရေးပေါ်ဌာနမှ ဖုန်းခေါ်ဆိုမှု လက်ခံရရှိစဉ်က အခင်းဖြစ်နေရာမှ တစ်မိုင်ခွဲအကွာ လမ်းမကြီးပေါ်၌ ရှိကြသည် ။ ၎င်းတို့ နှစ်ယောက်စလုံး အခင်းဖြစ်နေရာနှင့် ပါရာဒိုက်(စ်)ဝေးကို သိကြသည် ။ ၎င်းတို့ နှစ်ဦးသည် နွေဦးရာသီက လူမျိုးရေးအဓိကရုဏ်းများ ဖြစ်ပွားစဉ် တာဝန်ကျခဲ့သည် ။

ရဲကားက ကွျှိခနဲ ဘရိတ်အုပ်၍ ရပ်ပြီး အချက်ပေးဥဩသံ တိတ်သွားစဉ် ရဲသားတစ်ဦး ကားပေါ်မှ ဆင်း လာပြီး စင်္ကြံပေါ်မှ လူ ဆီသို့ ပြေးသွားသည် ။ အခြားရဲသားက ယာဉ်မောင်းခုံ၌ ဆက်ထိုင်ပြီး ဝါယာ လက်သုံး၍ လူနာတင်ယာဉ်လာနေပြီဖြစ်ကြောင်း အတည်ပြုချက်ရယူသည် ။

ရဲသားနှစ်ဦးက မိမိဆိုင်ကိုလှမ်းကြည့်ကာ '၉၉၉'နံပါတ်သို့ ဆက်သည့်လိပ်စာကို စစ်ဆေးနေပုံ မစ္စတာပတေး(လ်) မြင်ရသည် ။ သို့သော် ၎င်းတို့ တစ်ယောက်မှ သူ့ဆီ မလာသေးပါ။

ထိုကိစ္စက ခဏထားလို့ ရသည် ပဲ။ အချက်ပြမီးတွေ လင်းပြီး အရေးပေါ်ဥဩသံ မြည်နေသော လူနာတင်ယာဉ်တစ်စီး လမ်းထောင့်မှ ချိုးကွေ့ဝင်လာသောအခါ ရဲသားနှစ်ယောက်က လှည့်ကြည့်ကြသည် ။

ပါရာဒိုက်(စ်)ဝေးတစ်လျှောက် စပ်စုသူတချို့ လာစုဝေးနေကြသော်လည်း ခပ်လှမ်းလှမ်းမှာ ပဲ ရပ်နေကြသည် ။ နောင်အခါ ၎င်းတို့ ကို ရဲများက လူတွေ့စစ်ဆေးမေးမြန်းဖို့ ကြိုးစားမည်ဖြစ်သော်လည်း အချိန်ကုန်ရုံသာ ရှိမည်။ မဲဒိုဒင်းတွင်း နေထိုင်သူများ သည် အပျင်းပြေသဘော ငေးကြည့်ပြီး ရဲများကို ကူညီလေ့မရှိပါ။

ကျွမ်းကျင်၍ အတွေ့အကြုံရှိသော ဆေးဘက်အကူ နှစ်ယောက်ပါလာသည် ။ ရဲများ နည်းတူ ၎င်းတို့ သည် လုပ်ထုံးလုပ်နည်းများ အတိုင်း

တသဝေမတိမ်း လုပ်ဆောင်ကြသည် ။

'လူမိုက်တွေက သူ့ကို လုယက်ပြီး ကန်သွားပုံရတယ်... အတော် အခြေအနေဆိုးတယ်'ဟု 'သားကောင်' ဖြစ်သူနံဘေး၌ ဒူးထောက်နေသော ရဲသားက ပြော၏။ ဆေးဘက်အကူများက ခေါင်းညိတ်ပြီး အလုပ် စ, လုပ်သည် ။

သွေးစီးခြင်းမရှိ၍ သွေးတိတ်အောင် လုပ်ပေးစရာ မလို။ ထို့ကြောင့် လူနာ၏ လည်ပင်း မလှုပ်အောင် ဦးစွာလုပ်ရသည် ။ ယာဉ်တိုက်မှုနှင့် ရိုက်နှက်မှုဒဏ်ရာရ သူများ သည် ၎င်းတို့ ၏ ကျောရိုးထိခိုက် ပျက်စီးပြီး မကျွမ်းကျင်ဘဲ ကိုင်တွယ်မှုကြောင့် ပိုဆိုးကာ နေရာမှာ ပင် ပွဲချင်းပြီး သေဆုံးသွားနိုင်သည် ။

ဆေးဘက်အကူ နှစ်ယောက်က လူနာ၏ လည်ပင်း ဘယ်ညာလှုပ်ယမ်းခြင်း မပြုနိုင်စေရန် ခပ်မာမာလည်ပင်းအစွပ်တစ်ခု စွပ်ပေးသည် ။ ထို့နောက် လည်ပင်းနှင့် နောက်ကျောတို့ လှုပ်မရစေရန် ပျဉ်ချပ်တစ်ချပ်ပေါ် ၎င်းကို တင်ပေးသည် ။ ထိုကိစ္စကို စကြီပေါ်မှာ ပင် ပြုလုပ်ရသည် ။ ထိုအခါကျမှ သာ လူနာကိုတွန်းလှည်းပေါ်တင်၍ လူနာတင်ယာဉ် နောက်ခန်းသို့ ထည့်ပေးနိုင်မည်။

ဆေးဘက်အကူများမှာ မြန်ဆန်ပြီး စွမ်းဆောင်ရည်ရှိကြသည် ။ လူသွားစကြီဘေး လူနာတင်ယာဉ်ဆိုက်ပြီး ငါးမိနစ်အကြာ၌ သူတို့ ပြန် ထွက်ခွာရန် အသင့်ဖြစ်ကြသည် ။

'ခင်ဗျားတို့ နဲ့ အတူ ကျွန်တော် လိုက်ခဲ့မှ ဖြစ်မယ်၊ သူ ထွက်ဆိုချက် ပေးချင်ပေးလိမ့်မယ်'

စကြီပေါ်မှ ရဲသားက ပြောသည် ။ အရေးပေါ်ဌာန ပညာရှင်များသည် ဘယ်သူက ဘာကြောင့် ဘာလုပ်မှန်းအတိအကျ သိကြသည် ။ ထို

သို့သိခြင်းက အချိန်ကုန်သက်သာစေသည် ။

ဆေးဘက်အကူက ခေါင်းညိတ်ပြသည် ။ လူနာတင်ယာဉ်မှာ သူ့ပိုင်နက်ဖြစ်ပြီး သူ ကြီးကြပ်ကွပ်ကဲရသော်လည်း ရဲသားမှာ လည်း လုပ်စရာအလုပ်တွေ ရှိသေးသည် ။

ဒဏ်ရာရထားသော လူနာ စကားတစ်လုံးမှ မပြောနိုင်မှန်း သူသိသောကြောင့် 'ခင်ဗျား ဘေးရှောင်နေ၊ ဒီဥစ္စာအတော်ဆိုးတယ်'ဟု မပွင့်တပွင့် ပြောသည် ။

ရဲသားက ယာဉ်ပေါ်တက်ပြီး ကားခေါင်းခန်းမှာ သွားထိုင်သည် ။ ယာဉ်မောင်းက ကားနော်ကတံခါးနှစ်ချပ် ပိတ်ပြီး ယာဉ်မောင်းခုံကို ပြေးသည် ။ သူ့အဖော်က တွန်းလှည့်ပေါ်မှ လူနာကို ကုန်းကြည့်သည် ။ နှစ်စက္ကန့်အတွင်း လူနာတင်ယာဉ်မှာ ပါရာဒိုက်(စ်)ဝေး လမ်းပေါ်မောင်းပြေးသည် ။

စပ်စုသူများကို ဖြတ်ကျော်၍ ဥသြသံပေးကာ လမ်းရှင်းရင်း ယာဉ်ကြောကြပ်သည့် ဟိုင်းလမ်းမကြီးထဲသို့ ကွေ့ဝင်သည် ။ ရဲသားက လက်ကိုင်ကို ဖမ်းဆုပ်ထားပြီး ဆေးဘက်အကူ အလုပ်လုပ်နေပုံကို ငေးကြည့်နေသည် ။

အသက်ရှူလမ်းကြောင်းကို ဖွင့်ပေးထားဖို့ လိုသည် ။ လူနာ၏ လေပြွန်အတွင်း အကျိအချွဲနှင့် သွေးများ ပိတ်ဆို့ပါက လျင်မြန်စွာ သေဆုံးနိုင်သည် ။

ဆေးဘက်အကူက ပန့်ငယ်တစ်ခုဖြင့် စုပ်ယူရာ ဆေးလိပ်သောက်သူ တစ်ဦးတွင် ရှိတတ်သော အကျိအချွဲမျိုး အနည်းငယ်ထွက် လာသော်လည်း သွေးက မဆိုစလောက်သာ ပါသည် ။

လေပြွန်လမ်းကြောင်း ရှင်းသွား၍ အသက်ဆက်ရှင်ဖို့ လုံလောက်စွာ အသက်ရှူနိုင်သည် ။ ဆေးဘက်အကူက စိတ်ချရအောင် ရောင်ရမ်းနေသော လူနာ့မျက်နှာပေါ် အောက်ဆီဂျင် မျက်နှာဖုံးစွပ်ပေးသည် ။ လျင်မြန်စွာ ရောင်ကိုင်းမှုကြောင့် သူ စိတ်ပူသည် ။

ထိုလက္ခဏာအကြောင်း သူကောင်းကောင်း သိသည် ။ သွေးခုန်နှုန်းကို စမ်းသောအခါ ပုံမှန်နှုန်းရှိသော်လည်း ဦးနှောက် ထိခိုက်မှုလက္ခဏာ ဖြစ်နိုင်လောက်အောင် မြန်ဆန်းလွန်းနေသည် ။

'ဂလာ့(စ်)ဂို ကာလရှည် သတိလစ်မေ့မြောခြင်း'စကေးအရ နိုးကြားသော လူ့ဦးနှောက်မှာ ၁၅မှတ်ရှိသည် ။ လုံးဝသတိရှိပြီး ပကတိ နိုးကြားမှုမှာ ၁၅/၁၅ ဖြစ်သည် ။ စမ်းသပ်မှုတစ်ခုတွင် လူနာတစ်ဦး ၁၁/၁၅မှ ပို၍ လျော့ကျသွားသည် ။ ၃/၁၅ ဖြစ်ပါက ရေရှည်သတိလစ် မေ့မြောပြီး အသက်သေဆုံးနိုင်သည် ။

'တော်ဝင်လန်ဒန်ဆေးရုံ၊ အေနဲ့ အီးအပေါင်း ဦးနှောက် အာရုံကြောဌာနကိုမောင်း'

သူက ဥဩသံကြား၍ အော်လိုက်သည် ယာဉ်မောင်းက ခေါင်းညိတ်ပြီး အဓိကလမ်းဆုံများ တွင် မီးနီပွိုင့်များကို ဖြတ်မောင်းသွားသည် ။ မော်တော်ကားများ နှင့် ကုန်ကားများက ဘေးကပ်ပေးကြသည် ။ ဝိုက်ချက်ပယ်လမ်းထဲရှိ တော်ဝင်လန်ဒန်ဆေးရုံကြီး၌ အဆင့်မြင့် ဦးနှောက်အာရုံကြောဌာန ရှိသည် ။ လူနာတင်ယာဉ်နှင့် ပိုနီးသော ဆေးရုံတစ်ရုံ၌ ယင်းဌာန မရှိချေ။ သို့သော် အကယ်၍ ဦးနှောက် အာရုံကြောဌာနသို့ သွားဖို့ လိုအပ်ပါက မိနစ်အနည်းငယ်ကြာ ကားပိုမောင်းခြင်းကြောင့် အကျိုးအမြတ် ရနိုင်သည် ။

ယာဉ်မောင်းက တောင်ပိုင်း တော့တင်ဟမ်မြို့နယ်အတွင်း သူ

ရောက်ရှိနေသော နေရာအတိအကျနှင့် တော်ဝင်လန်ဒန်ဆေးရုံသို့ ရောက်မည့် ခန့်မှန်းအချိန်ကို ကြီးကြပ်သူအားပြောပြပြီး ဆေးရုံ၌ မတော်တဆနှင့် အရေးပေါ်ထိခိုက်မှု ကုသရေးအဖွဲ့တစ်ဖွဲ့ လူနှင့်ကိရိယာအပြည့်အစုံဖြင့် အဆင်သင့် စောင့်ခိုင်းထားရန် မှာ ကြားသည် ။

ကားနောက်ခန်း၌ ပါလာသော ဆေးဘက်အကူပြောတာ မှန်သည် ။ ဦးခေါင်းထိခိုက် ဒဏ်ရာရမှု အကြီးစား၏ နိမိတ်လက္ခဏာ တစ်ခုမှာ ( အထူးသဖြင့် တိုက်ခိုက်ခံရမှု ဖြစ်ခဲ့ပြီးလျှင်) မျက်နှာနှင့် ဦးခေါင်းရှိ နူးညံ့သောတစ်ရှူးမှာ ရပ်ပျက်ဆင်းပျက် ဖြစ်လောက်အောင် လျင်မြန်စွာ ဖောင်းကားရောင်ရမ်း လာတတ်သည် ။

ဒဏ်ရာရသူ၏ မျက်နှာမှာ စကြိုပေါ်မှာ ကတည်းက ရောင်ကိုင်းစပြုခဲ့၏။ တော်ဝင်ဆေးရုံ၏ အရေးပေါ်ဌာနရှေ့တွင် လူနာတင် ယာဉ်ဆိုက်သောအခါ ၎င်းမျက်နှာမှာ ဘောလုံးအရွယ် ဖြစ်နေလေပြီ။

လူနာတင်ယာဉ်တံခါးများ ဝုန်းခနဲပွင့်ပြီး ထမ်းစင်ပါသော တွန်းလှည်းကို ထိခိုက်မှုပြုစုရေး အဖွဲ့လက်ထဲလွှဲပေးကြသည် ။ အတိုင်ပင်ခံ ပုဂ္ဂိုလ် မစ္စတာကား(လ်)ဘိတ်မင်း၏ ကြီးကြပ်မှုအောက်တွင် ဆရာဝန် သုံးဦးရှိသည် ။ ၎င်းတို့ မှာ မေ့ဆေးဆရာဝန်နှင့် လက်ထောက်ဆရာဝန် နှစ်ဦးဖြစ်သည် ။ သူနာပြုဆရာမလည်း သုံးယောက်ရှိသည် ။

သူတို့ က ထမ်းစင်ပေါ်မှ လူနာကို သူတို့ ၏ တွန်းလှည်းပေါ် မ,ပြီးတင်ပေးကာ တွန်းယူသွားကြသည် ။

'ကျောရိုးခံပျဉ်ချပ် ကျွန်တော့်ကိုပြန်ပေးနော်'ဟု ဆေးဖက်အကူက အော်ပြောသော်လည်း မည်သူမျှ မကြားလိုက်ပါ။ နောက်နေ့ကျမှ သူ့ဘာသာသူ ပြန်ယူရလိမ့်မည်။ ရဲသားလည်း လူနာတင် ယာဉ်ပေါ်မှ ဆင်းလာသည် ။

'ကျွန်တော် ဘယ်သွားရမှာ လဲ'

သူက မေးရာ

'ဟိုအထဲ ဝင်သွား၊ ဒါပေမဲ့ သူတို့ ရှေ့က လမ်းမပိတ်နဲ့ 'ဟု ဆေးဖက်အကူက ပြောသည် ။ ရဲသားက ရို့ကျိုးစွာ ခေါင်းဆတ်ပြပြီး လူနာထံမှ ထွက်ဆိုချက်ရယူဖို့ ကို မျှော်လင့်ရင်း စပရင်တံခါးများကို တွန်းဖွင့်ပြီး ဆေးရုံထဲသို့ ဝင်သွားသည် ။

အကြီးတန်း သူနာပြုဆရာမ တစ်ဦးထံမှ သာ သူထွက်ဆိုချက်ရသည် ။

'အဲဒီမှာ ထိုင်ပါ၊ လမ်းမပိတ်နဲ့ 'ဟု သူမက အမိန့်ပေး၏။

နာရီဝက်အတွင်း ပါရာဒိုက်(စ်)ဝေးလမ်းမှာ ပျားပန်းခတ် လှုပ်ရှားမှုရှိလာသည် ။

ထိုအရပ်၌ 'ဒိုဗာ'ဟူ၍ သာ ခေါ်ကြသော 'ဒိုဗာရဲစခန်း'မှ တူညီဝတ်စုံဝတ် အမှုစစ်ရဲအရာရှိ တစ်ဦးက အမှုကို ကြီးကြပ်စုံစမ်းသည် ။ တိုက်ခိုက်မှုဖြစ်ပွားသော လမ်းဟိုဘက်ထိပ် သည် လက်ထိပ်ကို အစင်းများ ပါသော တိပ်ကြိုးဖြင့် တားပြီး လမ်းပိတ်ထားသည် ။

ရဲသား အယောက်တစ်ဒါဇင်ခန့်က ဈေးဆိုင်တန်းများ နှင့် ယင်းတို့အပေါ်ဘက်ရှိ ခြောက်ထပ်တိုက်ခန်းများကို အာရုံစိုက်ကာ အခင်းဖြစ် ဧရိယာ၌ နေရာယူထားကြ၏။ အခင်းဖြစ်နေရာနှင့် မျက်နှာချင်းဆိုင်ရှိ တိုက်ခန်းများကို ရဲများက ပို၍ စိတ်ဝင်စားကြသည် ။ ထိုတိုက်ခန်းများမှ အပြင်ဘက်သို့ ငုံ့ကြည့်သူတစ်ဦးဦးသည် တိုက်ခိုက်မှု အစအဆုံးကို မြင်လိုက်ရဖွယ်ရှိသည် ။ သို့သော် အမှုလိုက်ရတာ သိပ်တော့မလွယ်။ အမှန်တကယ် တောင်းပန်ခြင်းမှ အစ ငြင်းဆန်ခြင်းနှင့် ပြောင်ကျကျ စော်

ကားမှုအထိ တုန့်ပြန်မှုမျိုးစုံ တွေ့ရသည် ။

ရဲများက တစ်အိမ်တက်ဆင်း တံခါးခေါက်၍ ဆက်လက် မေးမြန်းကြသည် ။ ဤအမှုမှာ စုံထောက်များ ၏ အလုပ်ဖြစ်ကြောင်း ပေါ်လွင်သောကြောင့် အမှုစစ်ရအရာရှိက စီအိုင်ဒီမှ သူနှင့်ရာထူး တန်းတူ အရာရှိ တစ်ဦးကို ချက်ချင်းခေါ်ယူသည် ။

ဒိဗာရဲစခန်းတွင် ရဲစုံထောက်ဂျက်ဘန်း(စ်)မှာ စားသောက်ဆိုင်ထဲ၌ အရက်မူးပြီး လက်ဘက်ရည်သောက်နေစဉ် ပါရာဒိုက်(စ်) လမ်းမှ လုယက်မှုကို တာဝန်ယူစုံစမ်းဖို့ ကြီးကြပ်ရေးမှူး စုံထောက် အယ်လင်ပါးဖစ် ၏ ဆင့်ခေါ်ခြင်းခံရသည် ။

မိမိမှာ ကားခိုးမှုများ နှင့် လူတိုက်ပြီး ထွက်ပြေးသောကား အမှုတို့ကို တာဝန်ယူထားရပြီး နက်ဖြန်မနက် တရားရုံးသွားရမည်ဖြစ်ကြောင်း ဂျက်က ဆင်ခြေပေးသော်လည်း အချည်းနှီးဖြစ်သွားသည် ။ လူအင်အားနည်းနေသည် ဟု အယ်လင်က သူ့ကိုပြောသည် ။

'စိတ်ပျက်စရာ ဩဂုတ်လ'ဟု သူက ရေရွတ်ရင်း ထွက်ခွာ သွားသည် ။ အခင်းဖြစ်သည့်နေရာသို့ ပို(လ်)ဆာ(ဏဉျုဗ) အဖွဲ့နှင့် တပြိုင်တည်းလို သူ့တွဲဖက်စုံထောက် ရဲတပ်ကြပ်ကြီး လု(ခ်)စကင်းနားနှင့်အတူ ရောက်သွားသည် ။

ပို(လ်)ဆာ ဟု အတိုကောက်ခေါ်သည့် ရှာဖွေရေးရဲတပ်ဖွဲ့ဝင် များမှ စိတ်ပျက်စရာ အလုပ်များကို လုပ်ကြရသည် ။ ၎င်းတို့ သည် ထူထဲသော စက်ပြင်ဆရာဝတ်စုံကြီးများ ဝတ်ကာ လက်အိတ်များ စွပ်၍ အခင်းဖြစ်နေရာတစ်ဝိုက်၌ သဲလွန်စများကို လိုက်ရှာကြရသည် ။ သဲလွန်စများမှာ ပထမတစ်ကြိမ်တွင် အမြဲတမ်း မထင်ပေါ်သောကြောင့် အဖွဲ့ဝင်များ သည် တွေ့သမျှ အရာကို ကောက်ယူသိမ်းဆည်းပြီး နောက်မှ ယင်းဘာ

မှန်းသိရအောင် ဖော်ထုတ်ကြရသည် ။

တစ်ခါတစ်ရံ မသတီစရာကောင်းသော နေရာများ တွင် တွားသွား၍ သဲလွန်စရှာဖွေရခြင်းကြောင့် ဤအလုပ်မှာ အင်မတန်ရွံ့စရာ ကောင်း လှသည် ။

နဂိုကတည်းက မဲဒိုးဒင်းဂရို့(ဗ်) အိမ်ရာစခန်းမှာ ကြည်နူးစရာ ကောင်းသောအရပ် မဟုတ်ချေ။

'ပိုက်ဆံအိတ်တစ်လုံး ပျောက်နေတယ် ဂျက်၊ လုယက်တဲ့ ငနဲတစ် ယောက် နှာခေါင်းသွေး ထွက်သွားတယ်၊ သူ ထွက်ပြေးရင်း သူ့တီရှပ်အ နားစနဲ့ မျက်နှာကိုအုပ်သွားတယ်၊ လမ်းပေါ်မှာ သူ့သွေးစက်တွေ ကျချင် ကျသွားလိမ့်မယ်'

မစ္စတာပတေး(လ်)နှင့် စကားပြောခဲ့ပြီးပြီဖြစ်သော ယူနီဖောင်းဝတ် စုံထောက်က ဂျက်ကိုပြောသည် ။ ဂျက်က ခေါင်းညိတ်ပြသည် ။ ပို(လ်) ဆာအဖွဲ့ဝင်များက ကွန်ကရစ်တိုက်များ ၏ နံစော်သော လူသွား လမ်းများကြား လေးဘက်ထောက်၍ ရှာဖွေကြပြီး တူညီဝတ်စုံ ဝတ် ထားသောလူများက မျက်မြင်သက်သေနောက်တစ်ဦးကို လိုက်ရှာနေကြ စဉ် ဂျက်ဘန်းက မစ္စတာဗီဂျေးပတေး(လ်)၏ ဆိုင်ထဲဝင်လာသည် ။

'ကျွန်တော်က စုံထောက်ဘန်း(စ်)၊ သူက စုံထောက်ရဲတပ်ကြပ်ကြီး စကင်းနားပါ၊ အရေးပေါ်နံပါတ် ၉၉၉ကိုဆက်တာ ခင်ဗျားထင်တယ် နော်'

ဒီဗွန်မြို့ဇာတိဖြစ်ပြီး မက်ထရိုရဲတပ်ဖွဲ့တွင် သုံးနှစ်တိုင်တိုင် တာဝန် ထမ်းဆောင်လျက် ရှိသော ဂျက်အား မစ္စတာပတေး(လ်)က အံ့အားသင့် သွားစေသည် ။

ဒီဗွန်မှာ ပြည်သူများက ရဲအရာရှိများကို တတ်နိုင်သမျှ ကူညီကြသည် ။ လန်ဒန်အရှေ့မြောက်ပိုင်းမှာ တော့ ထိုသို့ မဟုတ်၍ သူသွေး လန့်သွား၏။

မစ္စတာပတေး(လ်)ကြောင့် ဒီဗွန်ကို သူပြန်သတိရသည် ။ ၎င်းက သိပ်ကူညီချင်ပုံရသည် ။ ၎င်းသည် တိကျရေရာ ရှင်းလင်းစွာ စကားပြောသည် ။

စကင်းနားရေးမှတ်သည့် ထွက်ဆိုချက် ရှည်ရှည်ထဲတွင် ပတေး(လ်) က ၎င်းမြင်သမျှအားလုံးကို အတိအကျရှင်းပြပြီး လုယက်သူများ ၏ ပုံပန်း သဏ္ဌာန်များကိုလည်း ရှင်းလင်းစွာ သရုပ်ဖော်သည် ။

သူ့ကို ဂျက် သဘောကျသွားသည် ။ ရာဇဝတ်မှုတိုင်းတွင် အက်မွန်တန်နှင့် အင်တက်ဘီမှ ဗီဂျေးပတေး(လ်)လို မျက်မြင်သက်သေ တစ်ဦးစီ ပါဝင်လျှင် ဘယ်လောက်ကောင်းမလဲ။ ညမိုးချုပ်သောအခါ စကင်းနား လက်ရေးဖြင့် မှတ်ထားသော ထွက်ဆိုချက်ကို သူက လက်မှတ်ထိုးပေးသည် ။

'ရဲစခန်းကို လိုက် လာပြီး ဓာတ်ပုံတချို့ကို ကြည့်ပေးစေချင်ပါတယ် အာစရိ၊ အဲဒီလူနှစ်ယောက်ကို ခင်ဗျားရှာတွေ့ချင် တွေ့မှာ ပေါ့၊ ကျွန်တော် ရှာရမယ့်လူ ဘယ်သူမှန်း အတိအကျသိရရင် အချိန်ကုန် အများကြီး သက်သာလိမ့်မယ်'

ဂျက်က နောက်ဆုံး၌ မစ္စတာပတေး(လ်)အား ပြောလိုက်သည် ။ မစ္စတာပတေး(လ်)က တောင်းပန်သည် ။

'ဒီညတော့ မလိုက်ပါရစေနဲ့ ၊ ခင်ဗျားမြင်တဲ့ အတိုင်း ဆိုင်မှာ ကျွန်တော် တစ်ယောက်တည်းရှိတာ။ မနက်ဖြန် ကျွန်တော့်ညီ ပြန်လာရင် ရဲစခန်းကို လာပ့ါမယ်၊ ဆိုင်က ဒီည ၁၀နာရီ ပိတ်မှာ ။ ညီက

အပန်းဖြေခရီး ထွက်နေတာ။ ဒါ ဩဂုတ်လလေ၊ ကျွန်တော် မနက်ကျ ရဲစခန်းကို လာလို့ ရပါတယ်'

ဂျက်ဘန်း(စ်) စဉ်းစားသည် ။ မနက် ၁ဝနာရီ တရားရုံး သွားရမည်။ ရမန်ယူဖို့ ရှိသည် ။ ထိုကိစ္စ စကင်းနားကို လွှဲပေးလိုက်မည်။

'မနက် ၁၁နာရီ လာလို့ ဖြစ်မလား။ ဒိုဗာလမ်း ရဲစခန်း ခင်ဗျားသိတယ်နော်၊ စုံစမ်းရေးကောင်တာမှာ ကျွန်တော့်နာမည်ကိုသာ ပြောလိုက်' ဟု ဂျက်က ပြောသည် ။

'အဲဒီလိုလူမျိုး သိပ်မတွေ့ဖူးဘူး'ဟု ၎င်းတို့ နှစ်ဦး လမ်းကူး၍ ကားဆီ ပြန်လျှောက်သွားစဉ် စကင်းနားက ပြောသည် ။

'ဒီလူကို ကျွန်တော် သိပ်သဘောကျတယ်။ ဟိုခွေးသားတွေကို ဖမ်းမိတဲ့ အခါ ကျွန်တော်တို့ အဖြေတွေ့ရမယ် ထင်ပါရဲ့ '

ရဲစုံထောက်ဘန်း(စ်)သည် ဒိုဗာလမ်းသို့ ကားမောင်းပြန်သွားစဉ် ထိခိုက်ဒဏ်ရာရသောလူကို ဘယ်ဆေးရုံသို့ ခေါ်ဆောင်သွားကြောင်း၊ ဘယ်ရဲသားက သူ့ကိုစောင့်ကြည့်နေကြောင်း ဝါယာလက်မှ တစ်ဆင့်စုံစမ်းသည် ။ နောက် ငါးမိနစ်အကြာ၌ သူတို့ အဆက်အသွယ်ရသည် ။

'သူ့ပစ္စည်းအားလုံး အဝတ်အစားတွေ ဘာတွေအကုန်လုံး ပလတ်စတစ်အိတ်ထဲထည့်ပြီး စခန်းကိုယူလာခဲ့ပါ။ နောက်ပြီး စိစစ်ရေးကတ်ပြားပါ ယူခဲ့၊ သူဘယ်သူမှန်း ငါတို့ မသိသေးဘူး၊ အဲဒါတွေ မင်းရပြီဆိုရင် ဖုန်းဆက်လိုက်၊ မင်းနဲ့ တာဝန်လဲဖို့ လူတစ်ယောက် လွှတ်ပေးမယ်'ဟု သူက ရဲသားကို ပြောသည် ။

မစ္စတာကား(လ်)ဘိတ်မင်းသည် တွန်းလှည်းပေါ်မှ လူ၏ နာမည်နှင့် လိပ်စာကို ဖြစ်စေ၊ ၎င်းအား တိုက်ခိုက်သွားခဲ့သူကို ဖြစ်စေ စိတ်မဝင်

စားပါ။ သူ စိုးရိမ်မကင်းဖြစ်မိသော ကိစ္စကား ၎င်းအသက် ဆက်ရှင်အောင် လုပ်ပေးဖို့ ဖြစ်သည် ။

ဆေးရုံ အရေးပေါ်ဌာနသို့ တွန်းလှည်း ရောက် လာပြီး အသက်ရှူသွင်းရေး အခန်းသို့ ပို့လိုက်ရာ အရေးပေါ်ဌာနမှ အဖွဲ့က စတင်လှုပ်ရှားသည် ။

လူနာမှာ ဒဏ်ရာဒဏ်ချက်ပေါင်းများ စွာ ရရှိထားကြောင်း မစ္စတာဘိတ်မင်း သိသည် ။ သို့သော် စည်းကမ်းကရှင်းသည် ။ အသက်ကိုခြိမ်းခြောက်သော ဒဏ်ရာကို ပထမဦးစွာ ကုသပေးရမည်။ ကျန်တာနောက်မှ ကုရမည်။

ထို့ကြောင့် သူက အေ၊ ဘီ၊ စီ၊ ဒီ ကုနည်းကို သုံးသည် ။ ‘အေ’က လူနာ၏ လေရှူလမ်းကြောင်းအတွက် ဖြစ်သည် ။ ဆေးဘက် အကူ၏ လုပ်ဆောင်ချက်က တော်သည် ။ လူနာအသက်ရှူရင်း နည်းနည်း ရင်ကျပ်ခြင်းမှ အပ အသက်ရှူပြွန်ပွင့်သည် ။ လည်ပင်းက လှုပ်မရအောင်ထိန်းကွပ်သည် ။ ‘ဘီ’က အသက်ရှူခြင်းဖြစ်သည် ။ အတိုင်ပင်ခံ ဆရာဝန်ကြီးက လူနာ၏ ကုတ်အင်္ကျီနှင့် ရှပ်အင်္ကျီတို့ ကို ရင်ဘတ်မှ ဆုတ်ဖြဲပြီး နားကျပ်ဖြင့် ရင်ဘတ်နှင့် ကျောပြင်ကို ထောက်စမ်းသည် ။

နံရိုးနှစ်ချောင်းခန့် ကျိုးနေမှန်း သူသိသည် ။ သို့သော် ၎င်းတို့ မှာ အရိုးကြေနေသော ဘယ်ဘက်လက်ဆစ်နှင့် ကျိုးနေသောသွားများ နည်းတူ အသက်သေနိုင်လောက်သော ဒဏ်ရာများ မဟုတ်၍ နောက်မှ ကုပေးလို့ ရသည် ။

လူနာမှာ နံရိုးတွေကျိုးနေလင့်ကစား အသက်ကိုပုံမှန်ရှူနေသည် ။ လးနာက အသက်ရှူရပ်ဖို့ ဆုံးဖြတ်ပါက အကြီးစား အရိုးခွဲစိပ် ကုသခြင်းမှာ အဓိပ္ပာယ်မရှိနိုင်ပါ။

သွေးခုန်နှုန်းအတွက်တော့ စိတ်ပူစရာရှိသည် ။ ပုံမှန် ၈၀မှ ၁၀၀ ကျော်နေ၏။ သွေးခုန်နှုန်း မြန်လွန်းခြင်းမှာ ခန္ဓာကိုယ်အတွင်းပိုင်း ထိခိုက်မှုလက္ခဏာ ဖြစ်နိုင်သည် ။

'စီ'က သွေးလှည့်ပတ်ခြင်း၊ မစ္စတာဘိတ်မင်းက တစ်မိနစ်အတွင်း လူနာ၏ သွေးကြော နှစ်ချောင်းထဲသို့ ပြွန်ငယ်နှစ်ချောင်း ထိုးသွင်းပေးသည် ။ ပထမပြွန်ငယ်ဖြင့် ချက်ချင်းသွေးစစ်ရန် သွေး မီလီမီတာ ၂၀ ခန့်စုပ်ယူသည် ။ ကျန်စမ်းသပ်စစ်ဆေးမှုများ ဆက်လက်ပြုလုပ်စဉ် လူနာ့လက်မောင်းတစ်ဘက်ဆီကို ဓာတ်ဆားရည် တစ်လီတာစီ သွင်းပေးသည် ။

'ဒီ'က လှုပ်ရှားနိုင်စွမ်း ကင်းမဲ့ခြင်း၊ ဒုက္ခိတဖြစ်ခြင်း။ ဒါကတော့ မကောင်းပါ။ လူနာ၏ မျက်နှာနှင့် ဦးခေါင်းမှာ လူသားတစ်ဦး၏ မျက်နှာအဖြစ် မမှတ်မိနိုင်လောက်အောင်ပင် ရုပ်ပျက်ဆင်းပျက် ဖြစ်နေသည် ။ ဂလာ့(စ်)ဂိုစကေးအရ ယခုအခါ အဆင့်၁၅တွင် အဆင့်၆ သို့ လျော့ကျလာကြောင်း ပြသသည် ။ ဦးနှောက်ထိခိုက်ပျက်စီးမှုကလည်း ပြင်းထန်သည် ။

လူနာကို တော်ဝင်ဆေးရုံသို့ ဦးနှောက်အာရုံကြောဌာနသို့ ပို့စဉ် ၎င်းနှင့် မိနစ်အနည်းငယ်သာ ပို၍ နေခဲ့သော အမည်မသိ ဆေးဘက်အကူကို ကား(လ်)ဘိတ်မင်းက ကျေးဇူးတင်မိပြန်သည် ။

လူနာကို ငါးမိနစ်အတွင်း ပို့ပေးမည်ဖြစ်ကြောင်း စကင်နာ အဖွဲ့ထံ သူက ဖုန်းဆက်ပြောသည် ။ ထို့နောက် အကြီးတန်းဦးနှောက်အာရုံကြောခွဲစိပ်ကုသမားတော် (သူ့လုပ်ဖော်ကိုင်ဘက်) မစ္စတာပေါ(လ်) ဝီးလစ္စထံ ဖုန်းဆက်သည် ။

'သူ့ဦးခေါင်းခွံထဲမှာ သွေးခဲတုံးကြီး ရှိနေပြီ၊ ကျွန်တော်တို့ တော့

အကြီးစားဦးခေါင်းခွဲ ခွဲစိပ်မှု လုပ်ပေးမှ ဖြစ်မယ် ထင်တယ် ပေါ(လ်)ရဲ့၊ ဂလာ့(စ်)ဂိုစကေးက အခုအဆင့်(၅)ကနေ ဆက်ကျနေပြီ’

‘သူ့ကို ဓာတ်မှန်ရိုက်ပြီးပြီးချင်း ကျွန်တော့်ဆီပို့ပေးပါ’

ပေါ(လ်)ဝီးလစ္စက ပြောသည် ။ လူနာမှာ လမ်းပေါ်လဲကျစဉ်က ခြေအိတ်၊ ရှူးဖိနပ်၊ အတွင်းခံဘောင်းဘီ၊ ရင်ဘတ် ဟ,ထားသော ရှပ်အင်္ကျီ၊ ခါးပတ်ပတ်ထားသော ဘောင်းဘီရှည်၊ အပေါ်အင်္ကျီ(ကုတ်)နှင့် အပါးစားမိုးကာအင်္ကျီရှည်တို့ ကို ဝတ်ဆင်ထားသည် ။

သူ့ခါးအောက်ပိုင်းရှိ အရာအားလုံးမှာ ပြဿနာမရှိ၍ ဆရာဝန်က အကုန်ဆွဲချွတ်ထားသည် ။ လည်ပင်းနှင့် ဦးခေါင်းတို့ ဆန့်ငင်ဆန့်ငင် မဖြစ်စေရအောင် မိုးကာအင်္ကျီ၊ ကုတ်အင်္ကျီနှင့် ရှပ်အင်္ကျီတို့ ကို ကတ်ကြေးနှင့် ညှပ်ပစ်ရသည် ။

ထို့နောက် သူ့ပစ္စည်းအားလုံးကို (အိတ်ကပ်ထဲမှ ပစ္စည်းများကိုမူ နဂိုအတိုင်းထားကာ) ပလတ်စတစ်အိတ်ထဲ ထည့်၍ အပြင်၌ စောင့်ဆိုင်းနေသော ရဲသားထံ ပေးအပ်သည် ။ မကြာမီ ၎င်းကို အခြား ရဲသားတစ်ဦးက အစားထိုးရာ သူက ပစ္စည်းများ ယူပြီး ဂျက်ဘန်း(စ်)ရှိရာ ဒိုဗာလမ်း ရဲစခန်းသို့ ပြန်သွားသည် ။

ဦးနှောက်ဓာတ်မှန် အဖြေက ဘိတ်မင်း အစိုးရိမ်ဆုံးအချက်ကို အတည်ပြုပေးသည် ။ လူနာမှာ ဦးနှောက်အခေါင်းပေါက်ထဲသို့ သွေးယိုစီးနေသည် ။ ဦးနှောက်ကိုဖိသော သွေးဖိအားကြောင့် လူနာမှာ မကြာမီ သေဆုံးနိုင်သည် ။ ၈:၁၅ နာရီအချိန်တွင် လူနာမှာ ဦးနှောက်ခွဲစိပ်ခန်းထဲ ရောက်လာသည် ။

ဦးနှောက်ဖိအားများ သော နေရာအတိအကျပြသည့် ဓာတ်မှန်များကို ကြည့်၍ မစ္စတာဝီးလစ္စသည် သွေးခဲမှုကို တစ်ချက်တည်း စမ်းလို့ ရ

သည် ။

ဦးခွံကို လွှငယ်ဖြင့် အပေါက်သုံးပေါက်ဖောက်ပြီး ပုံမှန် ခွဲစိပ်နည်းအတိုင်း တိကျ သပ်ယပ်သော တြိဂံပုံအပေါက်ကို ဖန်တီးသည် ။ တြိဂံပုံဦးခွံ အရိုးကိုဖယ်ရှားပြီး ဖိထားသည့် သွေးခဲတုံးအတွင်းရှိ သွေးကို စုပ်ထုတ်သည် ။ ပြီးတော့ ဦးခေါင်းခွံအတွင်း ယိုစိမ့်နေသော သွေးကြောများကို ချည်၍ ပိတ်ပစ်သည် ။

သွေးအိတ်ငယ်များ မရှိတော့၍ ဖိအား လျော့ကျသွားပြီး ဦးနှောက်ပင်ကိုမူလနေရာမှာ အပြည့်ပြန်ဖြစ်လာသည် ။ တြိဂံပုံဦးခွံကို ပြန်သွင်းပြီး ဦးရေပြားဖုံးအုပ်၍ ချုပ်ပေးသည် ။ သဘာဝအတိုင်း ပျောက်ကင်းသည် အထိ ယင်းနှစ်ခုကို ပတ်တီးထူထူစည်းပေးထားရမည် ဖြစ်သည် ။ ဤမျှ ထိခိုက်ပျက်စီးမှု ဖြစ်ထားသော်လည်း မစ္စတာဝီးလစ္စက သူအချိန်မီ ကယ်တင်နိုင်လိမ့်မည်ဟု မျှော်လင့်သည် ။

လူ၏ ခန္ဓာကိုယ်မှာ ထူးဆန်းသော ကိရိယာတန်ဆာပလာ တစ်ခုဖြစ်သည် ။ ပျားတုပ်၍ သေနိုင်သလို ပြင်းထန်သော ထိခိုက်နာကျင်မှု ဖြစ်ပြီး အကောင်းပကတိပြန်ဖြစ်ချင် ဖြစ်နိုင်သည် ။

ခဲနေသောသွေးကို ခွဲထုတ်ပြီး ဦးနှောက်အရွယ်အစားအတိုင်း ပြန်ဖြစ်ခွင့်ရပါက လူနာများ သတိပြန်ရပြီး ရက်ပိုင်းအတွင်း ကောင်းစွာ ပြုမူလှုပ်ရှားနိုင်သည် ။

မေ့ဆေး မပြယ်မချင်း ၂၄နာရီလုံးလုံး ဘယ်သူမှ ကျိန်းသေမသိနိုင်ပါ။ ဒုတိယနေ့၌ လူနာ သတိပြန်မလည်ပါက စိုးရိမ်ရသည် ။ မစ္စတာဝီးလစ္စသည် ဆေးကြောသန့်စင်ပြီး အဝတ်အစား လဲကာ စိန့်ဂလွန်းဝု(ဒ်) အရပ်ရှိ သူ့အိမ်သို့ပြန်သည် ။

*****

'သေလိုက်ပါတော့ကွာ'

ဂျက်ဘန်း(စ်)က အဝတ်အစားများ နှင့် ကိုယ်ပိုင်ပစ္စည်းများကို စိုက်ကြည့်ရင်း ရေရွတ်လိုက်သည် ။ ထိုပစ္စည်းများ ထဲတွင် စီးကရက်အလိပ်ရေ တစ်ဝက်ကျန်သေးသော စီးကရက်ဗူးတစ်ဗူး၊ မီးခြစ် ဗူးတစ်ဗူး၊ အကြွေစေ့မျိုးစုံ၊ ညစ်ပတ်သော လက်ကိုင်ပဝါတစ်ထည်၊ တစ်နေရာရာရှိ အိတ်တစ်လုံး၏ တံခါးသော့ဖြစ်ဖွယ်ရှိသော ဖဲပြားလေးတစ်ချောင်း တွဲချည်ထားသည့် သော့တစ်ချောင်းတို့ ပါသည် ။

ထိုပစ္စည်းများအားလုံးကို ဒဏ်ရာရသူ၏ ဘောင်းဘီရှည် ဘေးအိတ်ထဲမှ ရခြင်းဖြစ်သည် ။ အပေါ်အင်္ကျီ (ကုတ်အင်္ကျီ)ထဲမှာ တော့ ဘာမှ မရှိ . ထိုလူ ဘာပဲသယ်ဆောင်ထားသည် ဖြစ်စေ သူ့ပိုက်ဆံအိတ်ထဲ၌ အကုန်ရှိရမည်။

'အတော်သပ်ရပ်တဲ့ လူပဲ၊ ဖိနပ်က အပေါစား ဖြစ်ပေမဲ့ ပြောင်အောင် တိုက်ထားတယ်၊ ဘောင်းဘီရှည်ကလည်း အပေါစားပဲ၊ ဟောင်းနွမ်းနေပေမဲ့ ပေါင်တစ်ဖက်စီကို ခေါက်ရိုးကြောင်းပေါ်အောင် မီးပူတိုက်ထားတယ်၊ သူဟာ ပိုက်ဆံမရှိပေမယ့် ကြည့်ကောင်းအောင် နေတတ်တဲ့ လူပဲ'

စကင်နားက အဝတ်အစားများကို စစ်ဆေးရင်း ပြော၏။

‘သူ့ဘောင်းဘီ အပြင်အိတ်ကပ်ထဲမှာ သူ့လိပ်စာပါတဲ့ ပေးစာတစ်စောင် ဒါမှ မဟုတ် အကြွေးဝယ်ကတ်ပြား တစ်ချပ် ပါပါစေ၊ လောလောဆယ်တော့ သူ့ကို ‘ယူအေအမ်’အဖြစ် ကျွန်တော် စာရင်းသွင်းထားရလိမ့်မယ်’

ယခုခေတ် ရဲအရာရှိတစ်ဦးအနေဖြင့် မဖြစ်မနေဖြည့်စွက်ရသည့် ပုံစံစာရွက်အမြောက်အမြားကို ရေးဖြည့်နေဆဲဖြစ်သော ဘန်း(စ်)က ပြောသည် ။

‘သားကောင်’ဖြစ်သူကို အမေရိကန်များက ‘ဂျွန်ဒိုး’(အညတရသို့ အမည်မသိ) ဟု ခေါ်ကြလိမ့်မည်။ လန်ဒန်ရဲတပ်ဖွဲ့ကတော့ ယူအေအမ် ( အမည်မသိ အရွယ်ရောက် အမျိုးသား)ဟု ရည်ညွှန်းသည် ။ ညသည် မှောင်မည်းနေပြီး ပူနွေးနေစဉ် စုံထောက်နှစ်ယောက်က စာရွက်စာတမ်းများကို သော့ခတ်သိမ်းဆည်းပြီး ဘီယာဝင်မော့ကာ အိမ်ပြန်ကြသည် ။ ၎င်းတို့ နှင့် တစ်မိုင်အကွာ၌ ရှိသော တောင်ဝင်လန်ဒန်ဆေးရုံကြီး၏ အထူးကြပ်မတ်ကုလူနာဆောင်တွင် သပ်ရပ်သောလူသည် လဲလျောင်းလျက် အသက်ကို ခပ်မှန်မှန်ရှူနေသည် ။ သူ့သွေးခုန်နှုန်းက မြန်လွန်းသည် ။ ညတာဝန်ကျသူနာပြုဆရာမက သူ့ကို မကြာမကြာ စစ်ဆေးသည် ။

ဂျက်ဘန်း(စ်)က စည်ဘီယာကို ကြာကြာမော့သည် ။

‘အဲဒီလူ ဘယ်သူပါလိမ့်’

သူက တစ်ယောက်တည်း ရေရွတ်၏။

‘မပူပါနဲ့ အာစရိ၊ ကျွန်တော်တို့ မကြာခင်သိရမှာ ပါ’

လု(ခ်)စကင်းနားက ပြောလိုက်သည် ။ သို့သော် သူမှားသွားသည် ။

***

## ၂- ရက်

## ဗုဒ္ဓဟူးနေ့

စုံထောက်ဂျက်ဘန်း(စ်)အတွက် ဤနေ့ကား အလုပ်ရှုပ်သော နေ့ဖြစ်သည် ။ ဤနေ့တွင် အောင်ပွဲနှစ်ကြိမ်ရပြီး စိတ်ပျက်စရာ နှစ်မှုနှင့် ယခုအထိ အဖြေမထွက်သော မေးခွန်းတစ်ပုံတစ်ခေါင်းကြီးကို သူကြုံရသည် ။

သို့သော် ဤကား သမားရိုးကျပင် ဖြစ်သည် ။ စုံထောက်တစ်ဦး၏ စားပွဲပေါ်သို့ ခရစ္စမတ်လက်ဆောင်ချောထုပ်ကဲ့သို့ အသင့် ရောက်လာသော မှုခင်းမျိုးကား ရှားပါးလှသည် ။

သူ၏ ပထမအောင်မြင်မှုက မစ္စတာပတေး(လ်)နှင့် သက်ဆိုင်သည် ။ ဆိုင်ရှင်ကြီးပတေး(လ်)သည် မနေ့ကအတိုင်း ကူညီချင်လွန်း၍ မနက်(၁၁)နာရီတိတိတွင် ရဲစခန်း၏ ဧည့်ကြိုဌာနသို့ ရောက်လာသည် ။

'ခင်ဗျားကို ဓာတ်ပုံတချို့ ပြပါရစေ'

တီဗွီစက္ကူရင်နှင့်တူသော အရာတစ်ခုရှေ့၌ အတူတူထိုင်ပြီး ပြီးချင်းဘန်း(စ်)က မစ္စတာပတေး(လ်)ကို ပြောသည် ။ ရာဇဝတ်မှု မှတ်တမ်းရုံး (စီအာရ်အို)မှာ ဘန်း(စ်) အမှုထမ်းခဲ့စဉ်တုန်းက ရဲစခန်း၌ ရိုက်ကူးသော သံသယရှိသူ သို့မဟုတ် တရားခံများ ၏ ဓာတ်ပုံများကို ဓာတ်ပုံအယ်(လ်)ဘမ်ကြီးများ ထဲတွင် သိမ်းထားကြသည် ။ ၎င်းတို့ ကို ပလတ်စတစ်စဖြ

င့် ပြန်ဖုံးထားသည် ။

ဘန်း(စ်)က နည်းဟောင်းကို ပိုကြိုက်သည် ။ မျက်မြင်သက်သေက လူရွေးမပြမချင်း ဓာတ်ပုံအယ်(လ်)ဘမ် စာမျက်နှာများကို ရှေ့လှန်နောက်လှန်လုပ်၍ ရသည် ။ ယခုလုပ်ငန်းစဉ်မှာ အီလက်ထရွန်းနစ် ပညာကို သုံးသဖြင့် မျက်နှာများ (ဓာတ်ပုံများ )မှာ စက္ကရင်ပေါ်၌ ဖျတ်ကနဲ ဖျတ်ခနဲ ပေါ်လာသည် ။

ပထမဆုံး ကြည့်စရာဓာတ်ပုံပေါင်း ၁၀၀ရှိပြီး လန်ဒန်အရှေ့မြောက်ပိုင်းမြို့နယ် အတွင်း၌ ရဲများ သိပြီးသား မှုခင်းကြီးများ တွင် ပါဝင်ပတ်သက် သူအချို့၏ ပုံများ ပါဝင်သည် ။ ဓာတ်ပုံပေါင်း ၁၀၀ အတိအကျ မကန့်သတ်ထားသော်လည်း ဘန်း(စ်)က ဒိုဗာရဲစခန်းရှိ ရဲဝန်ထမ်းအားလုံး သိပြီးသား သံသယရှိသူများကို ရွေးချယ်ထားခြင်းဖြင့် စတင်သည် ။

မစ္စတာဗီဂျေးပတေး(လ်)သည် စုံထောက် တစ်ယောက် အတွက် နိမိတ်ကောင်းသူ ဖြစ်သည် ။ ဓာတ်ပုံနံပါတ် ၂၈ပေါ်လာသောအခါ ၎င်းက ‘ အဲဒီလူပဲ’ဟု ပြောသည် ။

မိုက်မဲကြမ်းတမ်းသော ဥပတိရုပ်ရည်ပိုင်ရှင်၏ မျက်နှာကို သူတို့ စိုက်ကြည့်ကြသည် ။ ထိုသူသည် ဗလတောင့်ပြီး ဆံပင်ခပ်တိုတိုနှင့် နားကွင်းတပ်ထားသည် ။

‘ခင်ဗျား သေချာရဲ့ လား၊ သူ့ကို အရင်က လုံးဝ မတွေ့ဖူးဘူးလား၊ ခင်ဗျားတို့ ဆိုင်ကို သူ လုံးဝမလာဖူးဘူးလား’

‘ဟင့်အင်း၊ အဲဒီလူ မလာဖူးပါဘူး၊ ဒါပေမဲ့ နှာခေါင်းထိ သွားတဲ့ လူက သူပဲ’

ဓာတ်ပုံပိုင်ရှင်နာမည်ကို မာ့(ခ်)ပရိုက်(စ်)ဟု ဖော်ပြထားပြီး စိစစ်

ရေးနံပါတ်တစ်ခု ပူးတွဲပါသည် ။ မစ္စတာပတေး(လ်) ရှာပေးသော ဒုတိယလူမှာ နံပါတ်၇၇ ဖြစ်သည် ။ ဖြူလျော်လျော် မျက်နှာ ခပ်သွယ်သွယ်၊ နားရွက်နှစ်ဖက်ပေါ် ဆံပင်ဖုတ်သိုက်ကျနေသောသူ။ နာမည်က ဟယ်ရီ ကောနစ်(ရှ်)။

၎င်းမျက်နှာနှစ်ခုနှင့် ပတ်သက်၍ မစ္စတာပတေး(လ်) သံသယ မရှိပါ ။ အခြားမျက်နှာ(ဓာတ်ပုံ)များကို ကြည့်တုန်းကလို တစ်စက္ကန့်ပင် တုံ့ဆိုင်းနေခြင်း မပြု။

ဘန်း(စ်)က စက်ကို ခလုတ်ပိတ်လိုက်သည် ။ စီအာ(ရ်)အိုက ထိုလူနှစ်ယောက်၏ မှတ်တမ်းအပြည့်အစုံကို ထုတ်ပေးလိမ့်မည်။

'ဒီလူနှစ်ယောက်ကို ကျွန်တော်ရှာဖွေဖမ်းဆီးပြီး မသင်္ကာသူတွေ တန်းစီရပ်ပြခိုင်းတဲ့ အခါ ခင်ဗျားလာကြည့်ပေးစေချင်တယ်'

ဘန်း(စ်)က ပတေး(လ်)ကို ပြောသည် ။

ပတေး(လ်)က ခေါင်းညိတ်ပြသည် ။ သူ စိတ်ပါလက်ပါရှိလှသည် ။ ၎င်းထွက်သွားသောအခါ-

'သူ့လိုလူစား အများကြီးရှိရင် ကောင်းမှာ ပဲ အာစရိ'ဟု စကင်းနားက ပြောသည် ။ စီအာ(ရ်)အိုကွန်ပျူတာက ပရိုက်(စ်)နှင့် ကောနစ်(ရှ်)တို့၏ မှတ်တမ်းများ ရှာဖွေပေးတာကို စောင့်ဆိုင်းရင်း ဘန်း(စ်)က စီအိုင်ဒီအဖွဲ့ ရုံးခန်းထောင့်ကို ချောင်းကြည့်သည် ။ သူ အလိုရှိသောလူက စားပွဲပေါ်ကုန်းပြီး အလုပ်လုပ်နေသည် ။ ပုံစံစာရွက်တွေ ဆက်ဖြည့်နေသည် ။

'ချာလီရေ ခဏလောက်'

ချာလီကူး(လ်)တားမှာ ယခုအထိ စုံထောက်တပ်ကြပ်ကြီး တစ်ယော

က်သာ ဖြစ်သည် ။ ဘန်း(စ်)ထက် အသက်ပိုကြီးပြီး ဒိဗာရဲစခန်း၌ တာဝ န်ထမ်းဆောင်တာ လုပ်သက် ၁၅နှစ်ကျော်ပြီ။ မြို့နယ်အတွင်းမှ လူဆိုး လူမိုက်များ အားလုံးကို သူသိသည် ။

'ဒီနှစ်ကောင်လား၊ တိရစ္ဆာန်တွေပဲ ဂျက်ရဲ့ ၊ ဒီအရပ်က ကောင်တွေ တော့ မဟုတ်ဘူး ၊ ဒီကို လွန်ခဲ့တဲ့ သုံးနှစ်ကမှ ရောက်လာတာ၊ ပြစ်မှုအ သေးအဖွဲ့တွေပဲ ကျူးလွန်တယ်၊ လက်ကိုင်အိတ်အလစ် သုတ်တယ်၊ လု ယက်တယ်၊ ခိုးတယ်၊ ရန်ဖြစ်တယ်၊ ဘောလုံးပွဲမှာ ရမ်းကား သောင်းကျန်းတယ်၊ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှုတချို့လည်း ကျူး လွန်တယ်၊ နှစ်ကောင်စလုံး ထောင်ကျဖူးတယ်။ ဘာဖြစ်လို့ လဲ'

'ဒီတစ်ခါတော့ ပြင်းထန်တဲ့ တိုက်ခိုက်မှု ကျူးလွန်လို့ ။ မနေ့က အ ဘိုးကြီးတစ်ယောက်ကို မေ့မျောအောင် ကန်ထည့်ကြတယ်၊ သူတို့ လိပ် စာတွေ ရနိုင်မလား'

'ကျွန်တော် အလွတ်မရဘူး၊ ဟိုက်လမ်းထဲက တိုက်ခန်း တစ်ခန်းမှ နေတယ်လို့ နောက်ဆုံးသတင်းရထားတယ်'

'ဂရို့(ဗ်)မှာ မဟုတ်ဘူး လား'

'မထင်ဘူး၊ အဲဒါ သူတို့ စားကျက် မဟုတ်ဘူး ၊ သူတို့ မမျှော်လင့်ဘဲ ဒီဘက် အလည်လာတာဖြစ်မယ်'

'သူတို့ က ရာဇဝတ်ဂိုဏ်းဝင်ထားသလား'

'ဟင့်အင်း- သူတို့ နှစ်ယောက်တည်း ပေါင်းတာ'

'အခြောက်တွေလား'

'အဲဒါတော့ မှတ်တမ်းမရှိဘူး၊ မဖြစ်နိုင်ဘူး၊ ကောနစ်(ရှ်)က မိန်းမတ စ်ယောက်ကို မဖွယ်မရာပြုလို့ အမှုဖြစ်ဖူးတယ်၊ အဲဒီမိန်းမက စိတ်

ပြောင်းပြီး စွဲချက် ပြန်ရုတ်သိမ်းတယ်၊ ပရိုက်(စ်)ကိုကြောက်လို့ ဖြစ်မှာ ပေါ့'

'သူတို့ က ဘိန်းစားတွေလား'

'အဲဒါတော့ မသိဘူး၊ အရက်သမားတွေပါ၊ အရက်ဆိုင်မှာ ရန်ဖြစ်တာတော့ သူတို့ ကျွမ်းကျင်တယ်'

ထိုအခိုက် ကူး(လ်)တားထံမှ ဖုန်းလာသဖြင့် ဘန်း(စ်)က ရှောင်ပေးသည် ။ စီအာ(ရ်)အိုမှ မှတ်တမ်းများ ရောက် လာပြီး လိပ်စာတစ်ခုပါ ပေးသည် ။ ဘန်း(စ်)က သူ့ကြီးကြပ်ရေးမှူး အယ်လင်ပါးဖစ်ထံ သွားတွေ့ပြီး သူလိုချင်သောခွင့်ပြုချက် ရယူသည် ။

မွန်းလွဲ ၂နာရီ၌ ရာဇဝတ်တရားသူကြီးက လိပ်စာဖော်ပြထားသော နေရာများ အတွက် ရှာဖွေပုံစံထုတ်ပေးပြီး ရဲအရာရှိ နှစ်ယောက်က လက်နက်တိုက်ထဲမှ သေနတ်များကို သွားထုတ်ယူကြသည် ။ ဘန်း(စ်)၊ စကင်းနားနှင့် အခြားသူခြောက်ဦးတို့ ဆယ်ယောက် အဖွဲ့တွင် ပါဝင်ကြသည် ။ ရဲသားတစ်ဦးက တံခါးရိုက်ပြီးဖွင့်သည့် တုံးကြီးတစ်တုံး ပိုက်ထား၏။

မွန်းလွဲသုံးနာရီ၌ စီးနင်းဝင်ရောက်ကြ၏။ အိမ်က ဟောင်းနွမ်းစုတ်ပြတ်နေသည် ။ ထိုအိမ်တန်းတစ်တန်းလုံးအတွက် ပါမစ်ကျလျှင် ဖြိုချခံရဖို့ သေချာသောအိမ်ဖြစ်သည် ။ လတ်တလောမှာ တော့ ပျဉ်ချပ်များ ဖြင့် ပိတ်ထားပြီး မီး၊ ရေ၊ ဓာတ်ငွေ့စသည် တို့ ကို ဖြတ်ထားသည် ။ ဆေးကွာကျနေသော တံခါးကို ရဲများက တစ်ချက်ခေါက်ပြီး တုံးကိုင်သော ရဲက တံခါးသော့ကို ဆောင့်ထိုးရာ တံခါးပွင့်ပွင့်ချင်း ၎င်းတို့ လှေကားမှ ပြေးတက်သွားကြသည် ။

လူမိုက်နှစ်ယောက်က ပထမထပ်ရှိ အခန်းနှစ်ခန်းတွင် နေထိုင်သည်

။ ထိုအခန်းများမှာ စုတ်ပြတ်ဟောင်းနွမ်းနေသည် ။ အိမ်ထဲ၌ လူမိုက်နှစ်ယောက်စလုံး မရှိ၊ လက်နက်ကိုင်ရဲနှစ်ဦးက သူတို့ ကိုင်ထားသော သေနတ်များကို ပြန်သိမ်းပြီး ရှာဖွေမှုကို စတင်သည် ။

ရှာဖွေရေးအဖွဲ့က ဘာပဲတွေ့တွေ့ဆိုပြီး မွှေနှောက်ရှာဖွေကြသည် ။ ပိုက်ဆံအိတ်၊ အဝတ်အစား၊ ဘွတ်ဖိနပ်၊ ဘာပဲဖြစ်ဖြစ်ပေါ့။ သူတို့ က ငြင်သာစွာ မလုပ်ကြ။

အကယ်၍ ဤအိမ်မှာ သူတို့ ရောက်ချိန်က မသပ်မရပ်ရှိခဲ့သည် ဆိုလျှင် သူတို့ ပြန်သောအခါ အိမ်ဟု ပင် ခေါ်သင့်တော့မည် မဟုတ်ချေ။ သူတို့ အတွက် ဆုတစ်ဆုသာ ရသည် ။ ဆိုဖာဟောင်းကြီး တစ်လုံး၏ နောက်ဘက်တွင် လွှင့်ပစ်ထားသော ညစ်ထေးထေးတီရှပ် တစ်ထည်၊ ရင်ဘတ်မှာ သွေးတွေပေပြီး ခြောက်ကပ်နေသည် ။

ထိုတီရှပ်ကို အိတ်ထဲထည့်ပြီး ကတ်ပြားချိတ်သည် ။ အခြား အဝတ်အစားအားလုံးကိုလည်း ဤသို့ပင် သိမ်းဆည်းသည် ။ အကယ်၍ မှုခင်းဆေးပညာရှင်များက 'သားကောင်'၏ အဝတ်အစားပေါ်မှ အမျှင်များကို ရှာတွေ့လျှင် လူမိုက်များ သည် အခင်းဖြစ်နေရာ၊ အခင်းဖြစ်အချိန်တွင် ရှိနေခဲ့ကြောင်း၊ ခြေထောက်နင်းလူနှင့် ကိုယ်ထိလက်ရောက် ထိတွေ့မှုရှိခဲ့ကြောင်း သက်သေပြလိမ့်မည်။

ရှာဖွေသူများက သူတို့ အလုပ် သူတို့ လုပ်နေကြစဉ် ဘန်း(စ်)နှင့် စကင်းနားက လမ်းလျှောက်ပြီး စုံစမ်းကြသည် ။ ရပ်ကွက်သူ ရပ်ကွက်သားအများ စုက ထိုလူမိုက်နှစ်ယောက်ကို မြင်ဖူးကြသော်လည်း ၎င်းတို့ အရက်မူးပြီး အိမ်ပြန်သောအကျင့်၊ အချိန်မတော်ဆူညံခြင်း တို့ ကြောင့်မည်သူကမျှ ၎င်းတို့ အကြောင်း အကောင်းမပြောကြချေ။

ဩဂုတ်လ မွန်းလွဲပိုင်း၌ ၎င်းတို့ ဘယ်ရောက်နေကြောင်း သို့မဟုတ်

ဘယ်မှာ ရှိနိုင်ကြောင်း ဘယ်သူမှ မသိပါ။

ရဲစခန်းသို့ ပြန်ရောက်သောအခါ ဘန်း(စ်)က တယ်လီဖုန်း လျှောက်ဆက်သည် ။ ပျောက်ဆုံးနေသော လူနှစ်ယောက်ကို ရှာဖွေရန်နှင့် သတင်းပေးရန် ရဲစခန်းအားလုံးသို့ အကြောင်းကြားခိုင်းသည် ။

ပြီးတော့ လန်ဒန်တော်ဝင်ဆေးရုံကြီး၏ အရေးပေါ်ဌာနမှ မစ္စတာ ကား(လ်)ဘိတ်မင်းထံ သူ ဖုန်းဆက် စုံစမ်းပြီး အခြားဆေးရုံသုံးရုံမှ အရေးပေါ်ဌာနများ သို့လည်း ဖုန်းဆက်သည် ။ စိန့်အင်းလမ်း ဆေးရုံမှ ဆရာဝန်လေးတစ်ဦးထံမှ သတင်းထူးရသည် ။

'မိပြီကွ'

ဘန်း(စ်)က ဖုန်းပြန်ချရင်း အော်လိုက်သည် ။ တော်သော စုံထောက်တစ်ဦး၌ မုဆိုးတစ်ဦး၏ အလိုအလျောက်သိစိတ်မျိုး ရှိ၏။ အထောက်အထားတွေ ပေါင်းစပ်လို့ ရမှန်းသိသောအခါ သွေးဆူမှုက မြန်လာ၏။

'စိန့်အင်းဆေးရုံကိုသွား၊ အရေးပေါ်ဌာနက ဒေါက်တာ မဲ(လ်)ရို့(စ်)ဆီက စစ်ချက်အပြည့်အစုံကိုယူပြီး လက်မှတ်ထိုးခိုင်း၊ မာ့(ခ်)ပရိုက်(စ်)ကို စိစစ်ဖို့ သူ့ဓာတ်ပုံယူသွား၊ မနေ့က မွန်းလွဲပိုင်း တောက်လျှောက်ဖြစ်ခဲ့သမျှ မတော်တဆမှုမှတ်တမ်းကို မိတ္တူတစ်စောင်ကူးခဲ့၊ ပြီးရင် အားလုံးဒီကို ပြန်ယူလာခဲ့'

'ဘာဖြစ်လို့ လဲ'

စကင်းနားက မေးသည် ။

'မနေ့က ပရိုက်(စ်)နဲ့ ပုံပန်းသဏ္ဌာန်ချင်း တူတဲ့ လူတစ်ယောက် နှာခေါင်းဒဏ်ရာနဲ့ ဆေးရုံရောက်လာတယ်။ သူ့နှာခေါင်းရိုးက နှစ်နေရာ ကျိုးထားကြောင်း ဒေါက်တာမဲ(လ်)ရို့(စ်) တွေ့ရသတဲ့ ။ သူ့ကို

ကျွန်တော်တို့ ရှာတွေ့ရင် သူ့နှာခေါင်းက ပတ်တီးထူထူ စည်းထားပြီး သားဖြစ်မယ်၊ မဲ(လ်)ရို့(စ်)က ပရိုက်(စ်)ဟုတ်မှန်ကြောင်း ကျွန်တော်တို့ ကို ထောက်ခံပေးလိမ့်မယ်’

‘အဲဒါ ဘယ်တုန်းကလဲ’

‘မနေ့ညနေ ၅နာရီ လောက်ကတဲ့ ’

‘ပါရာဒိုက်(စ်)လမ်းမှာ ထိုးကြိတ်ပြီး နောက်သုံးနာရီအကြာမှာ ပေ့ါ၊ ဒီအမှုကတော့ အဖြေမှန်ပေါ်တော့မယ်’

‘ဟုတ်တယ် ချာတိတ်၊ ကဲ သွားပေတော့’

စကင်းနား မရှိခိုက် ဘန်း(စ်)က ပို(လ်)ဆာအဖွဲ့ခေါင်းဆောင် တပ်ကြပ်ကြီးထံမှ ဖုန်းလာသဖြင့် ဖြေကြားသည် ။

စိတ်ပျက်စရာကောင်းသည် ။ မနေ့က နေမဝင်ခင်အထိ အခင်းဖြစ်န ယ်မြေအတွင်း တက်လက်မမကျန် သူတို့ တွေ လေးဘက်ထောက်၍ သဲ လွန်စ ရှာခဲ့ကြ၏။ ချောင်ကြိုချောင်ကြားနှင့် လူသွားလမ်း၊ နောက်ဘေး လမ်းကြား အားလုံးကိုရှာသည် ။ မြောင်းတွေ မြက်ခင်တွေပါ မကျန်။

သူတို့ ရှာတွေ့သော အမှိုက်ပုံး ငါးလုံးကိုလည်း သွန်ပြီးရှာသည် ။ သုံးပြီးသား ကွန်ဒမ်များ ၊ ညစ်ပတ်သော ဆေးထိုးအပ်များ ၊ ဆီရွှဲသော အစားအစာ ထုပ်ပိုးစက္ကူများ ထွက်လာ၏။ သွေး သို့မဟုတ် ပိုက်ဆံ အိတ်လုံးဝမတွေ့။

ကောနစ်(ရှ်)သည် ခိုးရာပါပိုက်ဆံအိတ်ကို သူ့အိတ်ကပ်ထဲ ထည့်ပြီး နောက်မှ အေးအေးဆေးဆေး ဖွင့်ကြည့်ဖွယ်ရှိ၏။ ပိုက်ဆံကိုတော့ သူ ယူသုံးမည်။ ကျန်တာတွေကို သူ တစ်နေရာရာမှာ လွှင့်ပစ်လိမ့်မည်။ မဲ ဒိုးဒင်းဂရို့(ဗ်) အိမ်ရာစခန်းထဲမှာ တော့ မဟုတ်။ သူ့အိမ်က မိုင်ဝက်ခန့်

ဝေးသည် ။

ဧရိယာက ကျယ်လွန်းသည် ။ အမှို ့က်ပုံးတွေ၊ လမ်းကြားတွေက များ လွန်းသည် ။ ပိုက်ဆံအိတ်က ဘယ်နေရာမဆို ရှိနိုင်သည် ။ သူ့အိတ်ကပ်ထဲမှာ ပဲ ရှိချင်ရှိဦးမည်။ သူရော ပရိုက်(စ်)ပါ မာစတာမိုင်း (Master mind) ဉာဏ်စမ်းပြိုင်ပွဲဝင်မည့် သူများ မဟုတ်နိုင်။

ပရိုက်(စ်)သည် မဲဒိုးဒင်းနှင့်ဝေးရာ မရောက်မချင်း စကြံပေါ် သွေးစက်မကျအောင် သွေးယိုနေသော သူ့နှာခေါင်းကို တီရှပ်ဖြင့် တောက်လျှောက် ဖိအုပ်သွားလိမ့်မည်။ သို့တစေ ပြောင်မြောက်သော မျက်မြင်သက်သေ တစ်ဦးနှင့် အခင်းဖြစ်ပြီး သုံးနာရီအကြာ၌ စိန့်အင်းဆေးရုံမှ နှာခေါင်းကျိုးမှုနှင့် သက်ဆိုင်သော အထောက်အထားတို့ ကြောင့် တစ်နေ့တာ အလုပ်လုပ်ရကျိုးနပ်သည် ။

ဘန်း(စ်)ထံ ဘိတ်မင်းက ဖုန်းဆက်သည် ။ ဒါလည်း စိတ်ပျက်ရပေမဲ့ ဆိုးဆိုးရွားရွားမဟုတ်။ သူ့ဆီ နောက်ဆုံးဖုန်းဆက်သူထံမှ သတင်းကောင်းကြားရသည် ။ စုံထောက်တပ်ကြပ် ကူး(လ်)တားထံမှ ဖြစ်သည် ။ ၎င်းသည် နယ်မြေအတွင်း အခြားသူများ ထက် သတင်းပေးအများဆုံး ရှိသူဖြစ်သည် ။

ကောနစ်(ရှ်)နှင့် ပရိုက်(စ်)တို့ ဒေါ(လ်)စတန်ရှိ ဘိလိယက်ရုံ၌ ဘိလိယက်ထိုးနေကြောင်း သတင်းရသည် ။

လှေကားမှ ဘန်း(စ်)ဆင်းလာစဉ် လု(ခ်)စကင်းနားက ရဲစခန်းရှေ့ပေါက်မှ ဝင်လာသည် ။ ဒေါက်တာမဲ(လ်)ရို့(စ်)၏ ထွက်ဆိုချက် အပြည့်အစုံ၊ လူနာ ဘယ်သူဘယ်ဝါဖြစ်ကြောင်း တွေ့ရှိချက်နှင့် ပရိုက်(စ်)က သူ့နာမည်ရင်းဖြင့် လူနာမှတ်ပုံတင်ထားသော မှတ်တမ်းမိတ္တူတစ်စောင် ပါလာသည် ။ ဘန်း(စ်)က ယင်းအထောက်အထားများကို သော့ခတ်

သိမ်းပြီး သူ့ကားနှင့် လိုက်လာခိုင်းသည် ။

ရဲများ ရောက်သွားသောအခါ လူမိုက်နှစ်ယောက်မှာ ဘိလိယက်ထိုးနေဆဲ။ ဘန်း(စ်)က အလုပ်သဘော လိုရင်းတိုရှင်း လုပ်သည် ။ ရဲတပ်ဖွဲ့ပိုင် ဗင်ကားဖြင့် လိုက်လာသော ယူနီဖောင်းဝတ် ရဲသားခြောက်ယောက်က ဘိလိယက်ရုံ၏ တံခါးပေါက်အားလုံးကို စောင့်ကြပ်နေသည် ။

အခြားဘိလိယက်ထိုးသူများက ပြဿနာပေါ်သောလူကို ပြဿနာမရှိသောလူက စိတ်ဝင်တစားကြည့်ပုံမျိုး ငေးကြည့်နေကြသည် ။ ပရိုက်(စ်)က နှာရိုးပေါ် ပလပ်စတာကပ်ထားလျက် ဘန်း(စ်)ကို စူးစူးရဲရဲကြည့်သည် ။

'မာ့(လ်)ပရိုက်(စ်)၊ မနေ့နေ့ခင်း ၂နာရီ မိနစ် ၂၀က အက်မွန်တန်မြို့နယ် ပါရာဒိုက်(စ်)ဝေးလမ်းမှာ အမည်မသိ လူတစ်ဦးရဲ့ ခန္ဓာကိုယ်ကို ထိခိုက်နာကျင်အောင် လုပ်မှုအတွက် သံသယရှိလို့ မင်းကို ငါတို့ ဖမ်းဆီးပြီ။ မင်း ဘာမှ ပြောစရာမလိုဘူး။ မင်း ပြောသမျှ အချက်အလက်ကို တရားရုံးမှာ သက်သေအထောက်အထားအဖြစ် ပြန်တင်ပြလိမ့်မယ်'

ပရိုက်(စ်)က ကောနစ်(ရှ်)ကို လှမ်းကြည့်၏။ ကောနစ်(ရှ်)က ခေါင်းယမ်းပြသည် ။

'ထွက်သွားစမ်းပါ ပုလိပ်စုတ်ရာ'

ပရိုက်(စ်)က ပြောလိုက်ရာ ဘန်း(စ်)က သူ့ကို နောက်ဆွဲလှည့်၍ လက်ထိပ်ခတ်ပြီး အပြင်ဆွဲထုတ်သွားသည် ။ နောက်နှစ်မိနစ် အကြာ၌ ကောနစ်(ရှ်) အချုပ်ခံရသည် ။ ၎င်းတို့ နှစ်ယောက်စလုံးကို ရဲသားခြောက်ယောက်ပါ ဗင်ကားဖြင့် ဒိဗာရဲစခန်းသို့ ပြန်ခေါ်လာသည် ။ လုပ်ထုံးလုပ်နည်းများ အတိုင်း အမြဲတမ်း လုပ်ရမည်။

ရဲစခန်းသို့ အပြန်တွင် ကားပေါ်၌ ဘန်း(စ်)က အရေးပေါ် အခြေအနေအရ အက်(ဖ်)အမ်အို (ရဲတပ်ဖွဲ့ဝင်ဆရာဝန်)ကို ဆင့်ခေါ်ထားသည် ။ ပရိုက်(စ်)က ရဲတွေ အကြမ်းဖက်လို့ သူ့နှာခေါင်းရိုးကျိုး ရပါသည် ဟု နောက်တော့မှ တိုင်ချက်ဖွင့်လိမ်တာမျိုးကို ဘန်း(စ်) ဘယ်နည်းနဲ့ မှ အဖြစ်မခံနိုင်ပါ။

ထို့အပြင် တီရှပ်ပေါ်မှ သွေးစက်နှင့် နှိုင်းယှဉ်ကြည့်ရန် သွေး နမူနာ ယူချင်သည် ။ တီရှပ်ပေါ်၌ သားကောင်၏ သွေးစက် ရှိလျှင် အဖြေပေါ်ပြီ ။ သတိလစ်မေ့မျောနေသော လူနာ၏ သွေးနမူနာကို ဘန်း(စ်) စောင့်မျှော်နေစဉ် ညာဘက်လက်သီးနှင့် ပတ်သက်၍ သူ့စုံစမ်းမှု အတွက် မစ္စတာဘိတ်မင်း၏ စိတ်ပျက်စရာအဖြေကို ပြန်စဉ်းစားသည် ။

ယနေ့ည ညတာရှည်လိမ့်မည်။ သံသယရှိသူ နှစ်ဦးကို ည ၇:၁၅ နာရီမှာ ဖမ်းဆီးသည် ။ ကြီးကြပ်ရေးမှူးက သူ့ကို နောက်ထပ် ၁၂နာရီ သို့ မဟုတ် ရာဇဝတ်တရားသူကြီးက နောက်ထပ် ၂၄နာရီ အချိန်တိုးမပေးခင် သူ့အတွက် အချိန်၂၄နာရီ ရသေးသည် ။

ဘန်း(စ်)မှာ ဖမ်းဆီးသော ရဲအရာရှိတစ်ဦး ဖြစ်၍ နောက် အစီရင်ခံစာတစ်စောင်ကို သူရေးဖြည့်ပြီး သက်သေရှေ့ လက်မှတ်ထိုးရမည်။ လူမိုက်နှစ်ယောက်စလုံးကို စစ်ဆေးမေးမြန်းဖို့ ကျန်းမာရေးကောင်းကြောင်း ရဲဆရာဝန် (FMO)၏ ကျမ်းကျိန်လွှာတစ်စောင် လိုသည် ။ ၎င်းတို့ ၏ အဝတ်အစားများ နှင့် အိတ်ကပ်များ ထဲမှ ပစ္စည်းများ အားလုံးနှင့် သွေးနမူနာများကိုလည်း ဘန်း(စ်)လိုအပ်သည် ။

လူမိုက်နှစ်ယောက်ကို ဖမ်းဆီးပြီး ဘီလိယက်ရုံထဲမှ ထုတ်၍ ဗင်ကားပေါ်တင်ပေးစဉ် ၎င်းတို့ တစ်ယောက်မျှ အိတ်ကပ်ထဲမှ ပစ္စည်း တစ်ခုခု လွှင့်ပစ်ခြင်း မရှိရအောင် လု(ခ်)စကင်းနားက စွန်ရဲတစ်ကောင်လို

စောင့်ကြည့်ခဲ့သည် ။

ကောနစ်(ရှ်)က ရှေ့နေတစ်ယောက် အမြန်လိုချင်ကြောင်း ရဲသားများကိုပြောတာတော့ ဘယ်သူကမှ တားဆီး၍ မရနိုင်ပါ။ သူ့စကားက ရဲများ အတွက် မဟုတ်။ ဉာဏ်ထိုင်းသော သူ့ကြံရာပါ ပရိုက်(စ်)အတွက် ဖြစ်သည် ။ ပရိုက်(စ်)လည်း ကောင်းကောင်း ကြားရသည် ။ လုပ်ထုံးလုပ်နည်းများက တစ်နာရီကျော်ကြာသည် ။

ညမိုးချုပ်ပြီ။ ဆရာဝန် ပြန်သွားသောအခါ လူမိုက် နှစ်ယောက်စလုံး စစ်ဆေးမေးမြန်းခံဖို့ ကျန်းမာကြံ့ခိုင်မှုရှိကြောင်း၊ ဖမ်းဆီးစဉ်က ပရိုက်(စ်)၏ နှာခေါင်းကျိုးနေကြောင်း ထွက်ဆိုချက် ထားခဲ့သည် ။

လူမိုက်နှစ်ယောက်ကို အချုပ်ခန်း သီးခြားစီခွဲထားပြီး စက်ပြင်ဆရာဝတ်စုံများ ဝတ်ဆင်ပေးထားကာ လက်ဘက်ရည်တိုက်ထားသည် ။ တစ်အောင့်ကြာလျှင် ရဲစခန်းစားသောက်ဆိုင်မှ စားစရာကျွေးဦးမည်။ စာအုပ်ကြီးအတိုင်း အမြဲတမ်း လုပ်ရမည်။

ဘန်း(စ်)က ပရိုက်(စ်)ကို လာကြည့်သည် ။

‘ကျွန်တော် ဘာမှ ပြောမှာ မဟုတ်ဘူး ’

ပရိုက်(စ်)က ပြောသည် ။ ကောနစ်(ရှ်)ကလည်း ပြုံးရုံပြုံးပြပြီး ရှေ့နေတောင်းဆိုသည် ။ တာဝန်ကျ ရှေ့နေမှာ မစ္စတာလူးဆလိတ်(ဒ်) ဖြစ်သည် ။

သူ ညလယ်စာစားနေတာ ဖိမ်ပျက်သွား၍ စိတ်ရှုပ်သွားသော်လည်း သူမအိပ်ခင် သူ့အမှုသည် များကို တွေ့လိုကြောင်း ပြောသည် ။ ဒိုဗာရဲစခန်းသို့ ၉နာရီထိုးခါနီး သူရောက်လာသည် ။ သူ့အမှုသည် များ နှင့် တွေ့ဆုံပြီး တံခါးပိတ်ထားသည့် လူတွေ့စစ်ဆေးခန်း တစ်ခန်းအတွင်း နာရီ

ဝက်ကြာ စကားပြောသည် ။

'ရဲအရာရှိမင်း ဆန္ဒရှိရင် ကျွန်တော့်ရှေ့မှောက်မှာ လူတွေ့မေးမြန်းမှု လုပ်လို့ ရပါပြီ၊ ဒါပေမဲ့ ကျွန်တော့်အမှုသည် တွေက ထွက်ဆိုချက်ပေးမှ မဟုတ်ဘူး ဆိုတာ ကျွန်တော် ကြိုပြောပါရစေ၊ သူတို့ က ဒီအရေးယူမှု ကို ငြင်းပါတယ်၊ အခင်းဖြစ်တဲ့ အချိန်က အခင်းဖြစ်နေရာ အနီးမှာ သူ တို့ လုံးဝမရှိခဲ့ဘူးလို့ ပြောပါတယ်'

မစ္စတာဆလိတ်(ဒ်)မှာ ဝါရင့်ရှေ့နေဖြစ်ပြီး ဆင်တူယိုးမှား အမှုများ လိုက်ပေးခဲ့ဖူးသည် ။ သူ့အမှုသည် များ နှင့် ဆွေးနွေးပြီးနောက် ၎င်းတို့ ၏ စကားတစ်ခွန်းမှ သူ မယုံသော်လည်း သူ့အလုပ် သူဆက်လုပ်ရဦး မည်။

'ကောင်းပါပြီ၊ ဒါပေမဲ့ ဒီအမှုက သိပ်ကိုခိုင်မာပြီး အမှုတည်ဆောက်မှု က အရှိန်ကောင်းနေပါတယ်။ သူတို့ ဝန်ခံရင် သားကောင်ဖြစ်သူဟာ စ် ကြံပေါ် သူ့ဘာသာလဲကျပြီး ဦးခေါင်းဒဏ်ရာရတာလို့ ကျွန်တော် လက်ခံ ပဲ့မယ်၊ သူတို့ ရဲ့ လူဆိုးမှတ်တမ်းအရ သူတို့ ဗီး(လ်)ထောင်မှာ နှစ်နှစ် လောက်တော့ သွားနေရမှာ ပါ'

ဗီး(လ်)ဆိုသည် ကား ပင်တွန်ဗီး(လ်) အကျဉ်းထောင်ကို ဒေသခံတို့ က ရည်ညွှန်းခြင်းဖြစ်သည် ။ ဒဏ်ရာရသူ၏ ခန္ဓာကိုယ်ပေါ်၌ အကန်ခံရ သော ဒဏ်ရာဒဏ်ချက်များ ရှိကြောင်း ဘန်း(စ်) သိသည် ။ ဆလိတ်(ဒ်) ကလည်း ၎င်းသိမှန်း သိသည် ။

'မသ်ကာစရာကောင်းတယ် မစ္စတာဘန်း(စ်)၊ ကျုပ် လက်မခံဘူး၊ မ ယုံဘူး၊ သူတို့ က ငြင်းချင်တယ်၊ ခင်ဗျားလက်ထဲမှာ ရှိတာ အားလုံးကို ဖွ င့်ချမှုစည်းကမ်းတွေအရ ကျုပ်လိုချင်တယ်'

'ပေးပဲ့မယ် မစ္စတာဆလိတ်(ဒ်)၊ နောက်ပြီး အလီဘိုင်(အခင်းဖြစ်

ချိန်က သူတို့ တခြားမှာ ရှိနေကြောင်း အထောက်အထား) မှန်သမျှ ကျွန်တော်လိုအပ်တယ်၊ ဒါပေမဲ့ ကျွန်တော့်လိုပဲ ခင်ဗျားလည်း စည်းကမ်းတွေကို သိပါတယ် သူတို့ က ငြင်းချင်တယ်၊ ခင်ဗျားလက်ထဲမှာ ရှိတာ အားလုံးကို ဖွင့်ချမှုစည်းကမ်းတွေအရ ကျုပ်လိုချင်တယ်'

'ပေးပါ့မယ် မစ္စတာဆလိတ်(ဒ်)၊ နောက်ပြီး အလီဘိုင်(အခင်းဖြစ်ချိန်က သူတို့ တခြားမှာ ရှိနေကြောင်း အထောက်အထား) မှန်သမျှ ကျွန်တော်လိုအပ်တယ်၊ ဒါပေမဲ့ ကျွန်တော့်လိုပဲ ခင်ဗျားလည်း စည်းကမ်းတွေကို သိပါတယ်'

'ခင်ဗျား ဘယ်လောက်ကြာကြာ ယူထားမှာ လဲ'

ဆလိတ်(ဒ်)က မေးသည် ။

'မနက်ဖြန်ည ၇:၁၅ နာရီအထိ၊ ကျွန်တော့်အကြီးအကဲ ပေးတဲ့အချိန်ပို ၁နာရီက မလောက်ဘူး၊ မနက်ဖြန် ညနေ၅နာရီလောက် ရာဇဝတ်တရားရုံးက ထိန်းသိမ်းမှု သက်တမ်းတိုးပေးတာကို ကျွန်တော်လိုချင်တယ်'

'ကျုပ် မကန့်ကွက်ပါဘူး'

အချိန်မဖြုန်းသင့်မှန်း ဆလိတ်(ဒ်) သိသည် ။ ဤငနဲ နှစ်ယောက်မှာ လူမိုက်များ ဖြစ်ပြီး လူတစ်ယောက်ကို သေလုနီးပါး ရိုက်နှက်ကန်ကျောက် ခဲ့ကြသည် ။ ရာဇဝတ်တရားသူကြီးများက ရမန်ယူဖို့ ထိန်းသိမ်းခွင့် သက်တမ်းကို တိုးပေးမှာ သေချာသည် ။

'သူတို့ ကို ခင်ဗျားစစ်ဆေးတဲ့ အခါ ကျုပ်ရဲ့ အကြံပေးချက်အရ သူတို့ ဘာမှ ပြန်ဖြေမှာ မဟုတ်ဘူး '

'ဟုတ်ပါတယ်'

'ကဲ ကျုပ်တို့ နှစ်ယောက်လုံး အိမ်ပြန်ရမှာ ဆိုတော့ မနက်(၉)နာရီ ပြန်တွေ့ကြရအောင်လား'

ဘန်း(စ်)က သဘောတူသည် ။

ဆလိတ်(ဒ်) အိမ်ပြန်သွားသည် ။ ပရိုက်(စ်)နှင့် ကောနစ်(ရှ်)ကို ဆက် ချုပ်ထားသည် ။ ဘန်း(စ်)မှာ နောက်ဆုံးဖုန်းဆက်စရာ ကျန်သည် ။

တော်ဝင်လန်ဒန်ဆေးရုံ၏ အထူးကြပ်မတ်ကု လူနာဆောင်မှ တာဝန်ကျသူနာပြု ဆရာမနှင့် စကားပြောခွင့် တောင်းဆိုသည် ။ ဒဏ် ရာရလူနာ သတိပြန်လည်ချင် လည်လောက်ပြီ။

ထိုနေ့ညက မစ္စတာပေါ(လ်)ဝီးလစ္စလည်း ညည့်နက်အထိ အလုပ်လု ပ်နေသည် ။

အော့(ခ်)ဝေးတောင်ကုန်းလမ်းပေါ် အရှိန်ပြင်းစွာ ဆိုင်ကယ် စီးခဲ့ပုံရ သော ဆိုင်ကယ်သမား လူငယ်တစ်ဦးကို ၎င်းက ခွဲစိပ်ပေးထားသည် ။ ဦးနှောက်အာရုံကြော ဆရာဝန်ကြီး ဝီးလစ္စက အစွမ်းကုန်ကုပေးသော် လည်း ထိုလူငယ် တစ်ပတ်ပြည့်အောင် အသက်ရှင်ရေးမှာ ရာခိုင်နှုန်း ၅ ဝသာ ရှိမည်ဟု ၎င်းထင်သည် ။ သူနာပြုဆရာမတစ်ဦးက တယ်လီဖုန်း ချပြီးနောက် ဘန်း(စ်) ဖုန်းဆက်ကြောင်း သူသိရ၏။

လူနာကို မေ့ဆေးပေးထားတာ ၂၄နာရီကျော်သွားပြီ။ မေ့ဆေးပြယ် ပြီမို့ လူနာ မဆိုစလောက်လှုပ်သည့် ပထမဆုံး လက္ခဏာတွေ ပြဖို့ သူ မျှော်လင့်သည် ။ သူ အိမ်မပြန်ခင် ခြေတစ်ဘက်မသန်သော လူနာကို တစ်ခေါက်ပြန်ကြည့်သည် ။

အပြောင်းအလဲမရှိ။ မော်နီတာများ တွင် သူ့နှလုံးခုန်နှုန်း ပုံမှန်ရှိ ကြောင်း၊ သို့သော် သွေးခုန်နှုန်းအလွန်မြန်ဆန် နေဆဲဖြစ်ကြောင်း ပြ

နေသည် ။ ယင်းမှာ ဦးနှောက်ထိခိုက်ပျက်စီးမှု လက္ခဏာတစ်ခုဖြစ်သည် ။ ဂလာ့(စ်)ဂိုစကေးအရ အဆင့်၃နှင့် ၁၅ကြားရှိ၍ လူနာမှာကာလရှည် သတိလစ် မေ့မြောနေမှန်း သိရသည် ။

ကျွန်တော် နောက်ထပ် ၃၆နာရီ အချိန်ပေးမယ်။ ကျွန်တော် စနေ-တနင်္ဂနွေ ခရီးထွက်ဖို့ မျှော်လင့်ထားတာ၊ ဒါပေမဲ့ စနေနေ့မနက် လာခဲ့မယ်၊ လူနာ သတိရပြီဆိုတဲ့ ပျော်စရာလက္ခဏာ မပြခဲ့ရင်ပေ့ါ၊ လူနာ အခြေအနေ ပိုကောင်းလာကြောင်း ဆေးရုံ ဒါမှ မဟုတ် အိမ်မှာ ကျွန်တော့်ကို စာတိုလေးရေးပြီး အသိပေးနိုင်မလား၊ စနေနေ့ မနက်၉နာရီဘာမှ မထူးရင် ဦးနှောက်ကို ဓာတ်မှန် ပြန်ရိုက်စေချင်တယ်။ ကျွန်တော့်အတွက် အဲဒါ ကြိုတင်ရက်ချိန်း ယူထားပေးပါ’

ဒုတိယနေ့မှာ ပရိုက်(စ်)နှင့် ကောနစ်(ရှ်)တို့ ဒိုဗာရဲစခန်း၌ အကြော်အလှော်တွေ အဝအပြဲ စားသောက်ပြီး နွားသိုးလို အိပ်မောကျရင်း ကုန်ဆုံးသွားသည် ။

ဒဏ်ရာရသူမှာ ပြာလဲ့လဲ့မီးရောင်အောက်ရှိ မော်နီတာ စက်သုံးလုံးနှင့် ချိတ်ဆက်လျက် ပက်လက်လှဲနေဆဲ။

မစ္စတာဝီးလစ္စက သူ့လူနာများကို မေ့ပစ်ပြီး စိန့်ဂျွန်းဝု(ဒ်) တဲ့ ရေ့(စ်)ရပ်ကွက်ရှိ သူ၏ ခမ်းနားထည်ဝါသော အိမ်ကြီးထဲတွင် ကလင့်အိ(စ်)ဝု(ဒ်) ပါဝင်သည့် အီတာလျံကောင်းဘွိုင် ဇာတ်ကားကို ကြည့်နေသည် ။

ရဲစုံထောက်တပ်ကြပ်ကြီး စကင်းနားသည် လွန်ခဲ့သော တစ်လကဘီသိုဗင်ဂီတပွဲတစ်ပွဲ၌ ဘီယာသောက်ရင်း သိကျွမ်းခဲ့သော ဟမ့်(ပ်)စတာကျောင်းမှ အလွန်ချစ်စရာကောင်းသော သဘင် သင်တန်းသူလေး တစ်ဦးနှင့် ချိန်းထားသဖြင့် အချိန်မီရောက်သွားသည် ။

ဒိုဗာရဲစခန်းမှာ တော့ ဘီသိုဗင်ဂီတကို ကြိုက်ကြောင်း သူ

အားတက်သရော ဆွေးနွေးလေ့မရှိပါ။

စုံထောက်ဘန်း(စ်)သည် ကင်(မ်)ဒင်တောင် အရပ်ရှိ လူသူ ကင်းမဲ့သော သူ့အိမ်ထဲတွင် ပဲများကို ပြန်နွေးနေသည် ။

သူ သိပ်လိုက်ချင်သော သူ့ဇာတိမြို့ ဒီဗွန်သို့ ကျောင်းပိတ်ရက် ခရီးထွက်သည့် သူ့ဇနီးဂျင်နီနှင့် သားလေးများကို ပြန်လာစေချင်လှပြီ။

အင်း… အင်မတန် သောက်မြင်ကပ်စရာကောင်းတဲ့ ဩဂုတ်လပါပဲ။

***